ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ
တိုက်ကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ၊ တိုက်ကြီးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်
ကျေးလက်နေပြည်သူများမှ ကူညီရေးဆွဲသည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ

မာတိကာ ၁
စကားချီး ၅
ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာသယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ် ၇
**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ
(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းမျာ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဒိုက်ကံကျေးရွာ
တိုက်ကြီးမြို့နယ်

ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာသယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

**၁ နိဒါန်း**

**(က) ရည်ရွယ်ချက်**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြု မိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များ နှင့်အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်း ချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက် များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက် သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီ အစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန်-ပြည်ကားလမ်းမနှင့် (၁)မိုင်ခွဲ အကွာတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ တိုက်ကြီးမြို့ ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဖြစ်ပါသည်။ ဒေသ၏တစ်နှစ် ပျမ်းမျှမိုးရေချိန် ၈၀ လက်မမှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာနှင့်(၃)မိုင်ခန့် အကွာတွင် လှိုင်မြစ်တည်ရှိပြီး မိုးတွင်းကာလတွင် မြစ်ရေကြီးသည့်နှစ်များတွင် ကျေးရွာ၏အနောက်ခြမ်းရှိ လမ်းမြေများတွင် ရေလွှမ်းမိုးဒဏ်ခံရသဖြင့် စပါးစိုက်ခင်းများ သေကြေပျက်စီးခြင်း၊ ရေနစ်ခြင်းနှင့် ပိုးမွှားရောဂါများ ကျရောက်ခြင်းကြောင့် စပါးထွက်နှုန်း လျော့ကျခြင်းတို့ကို တွေ့ရသည်။ ကျေးရွာ၏ မြေပြင်အနေအထားမှာ မြေပြန့်ဒေသဖြစ်ပြီး လယ်ယာမြေများသည် စပါး၊ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိက အားထားရာဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် မိုးတွင်းကာလနှင့် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် လှိုင်မြစ်ရေလျှံမှုကြောင့် ကျေးရွာအနောက်ခြမ်းရှိ လယ်မြေများ မြစ်ရေဝင်၍ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ခံစားခဲ့ရသော်လည်း ကျေးရွာတွင် ကင်းလွတ်ခဲ့သည်။

စိုက်ပျိုးသီးနှံများလည်း ဆုံးရှုံးခဲ့ရပါသည်။ သို့သော်လည်း ရေကြီးရေလွှမ်းမိုးမှု အန္တရာယ်မှာလည်း ရှိနေဆဲဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူအချို့မှာ တဘူးလှရေလှောင်တမံမှ ဆည်ရေရရှိ၍ လယ်မြေ (၂၀၀)ဧကခန့်ကို ရေသွင်းစိုက်ပျိုးနိုင်သော်လည်း ဆည်မြောင်းများကော၍ ပျက်စီးမှုကြောင့် လက်ရှိတွင် လယ်မြေ(၁၀)ဧကကိုသာ နွေစပါးစိုက်ပျိုးနိုင်သည်။ မြေအောက်ရေအသုံးပြုမှု နည်းပါးသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၃၃၁)ဧကရှိပြီး စပါးနှင့် မတ်ပဲကို အဓိက စိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၁၀)စုနှင့် ကျား(၂၂၃)၊ မ(၂၃၀)ဦးဖြင့် လူဦးရေပေါင်း (၄၅၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၇၅%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေထက် (၆%)မျှ ပိုများပါသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၆၄%)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် ခံယူကြပြီး (၁၇%)သည် ချမ်းသာသောအဆင့်၊ (၁၉%) သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသော လယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်၊ အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြပါသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ကျေးရွာတွင် ဆင်းရဲအဆင့်သည် အများဆုံးဖြစ်ပြီး လယ်ယာမြေ အနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက်မြင့်မားပြီး (၇၀%)ရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု(၂၅)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၅၀%)မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ

နပ်မှန်စားသုံးနိုင်ကြောင်း၊ (၁၀%)မှာ သူတစ်ပါးထံမှ မချေးငှားဘဲ သုံးလခန့်စားသုံးနိုင်ကြောင်း၊ (၂၀%)မှာ ၃ လ မှ ၅ လခန့်၊ (၂၀%)မှာ ၆ လမှ ၂ လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၅၀၀၀၀/- ကျပ်မှ ၄၀၀၀၀၀/- ကျပ်အထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ (၈%)ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။ အလားတူ ကျေးရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်လုပ်ကိုင်နေကြသော အိမ်ထောင်စု(၁၀%)သည် ထိခိုက်လွယ်သည့် အိမ်ထောင်စုများ ဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ သက်ကြီးရွယ်အို(၂၄)ဦးတို့ ဖြစ်ကြသည်။ ကျေးရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရန်အတွက် သွားရောက်အလုပ်လုပ်ကိုင်ကြသည်။ လူငယ်လူရွယ်များသည် လိင်မှတဆင့်ကူးစက်တတ်သည့် ရောဂါများ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ ရှိတတ်ကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ဖြစ်ပွါးမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းမှုနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်ရရှိနိုင်ကြပြီး (၃)မိုင်ခန့်ဝေးပြီး မိုးရာသီတွင် ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်သဖြင့် ဗွက်ပေါက်သဖြင့် သွားလာရခက်ခဲသည်။ တိုက်ကြီးမြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီမှုရှိပါ သည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်းတွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်း အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည်အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အလွန်နည်းပါးသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေး အရေအတွက်နှင့် ယောကျ်ားလေး အရေအတွက်မှာ တန်းတူပင်ဖြစ်သည်။ အလယ်တန်းနှင့် အထက်တန်းများတွင် ယောကျ်ားလေးဦးရေသည် မိန်းကလေးဦးရေထက် ပိုများနေ၍ အမျိုး

သမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်း လျှက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၃)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့ တို့ရှိကြသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက (၃၃၁)ရှိပြီး နွေစပါး (၂၀၀)ဧကခန့်ကို စိုက်ပျိုးနိုင်သော်လည်း လက်ရှိမှာ ဆည်မြောင်းများကောာ၍ ပျက်စီးမှုကြောင့် ဆည်ရေမရရှိသဖြင့် မတ်ပဲကိုသာ ဦးစားပေး၍ (၂၆၀)ဧကကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှ အထွက်နှုန်းမှာ (၆၀)တင်း၊ နွေစပါး(၇၀)တင်းနှင့် မတ်ပဲ(၆)တင်းနှုန်းတို့ ထွက်ရှိကြသည်။ တဘူးလှရေလှောင်တမံမှ နွေစပါးစိုက်ဧက (၁၀)ကိုသာ ရေသွင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ် မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးမြူသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ (၂၃%)ဝန်းကျင်သာရှိပြီးသည် ဒေသမှရရှိသည့် ဝက်မျိုးများကိုသာ မွေးမြူကြသည်။ ဒေသကြက်မွေးမြူသည့် အိမ်ထောင်စုသည် တစ်ရွာလုံး(၆၈%)ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများမှာ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများ အနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် ငါးမွေးမြူရန် ရေ၊ မြေနေရာ အဆင်မပြေမှုနှင့် နည်းပညာမရှိသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုးနှင့် ငါးရှည့်ထောင်သည့်လုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီနှင့် သီးနှံပေါ်ချိန်များ တွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာ အရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာတွင် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် မိုးတွင်းက လှိုင်မြစ်ရေကြီးမှုဖြစ်ပွားသော်လည်း ကျေးရွာမှာ ကုန်းမြင့်ပိုင်းတွင် တည်ရှိသောကြောင့် ရေလွှမ်းမိုးမှုကင်းလွတ်ခဲ့ပြီး ကျေးရွာအနောက်ခြမ်းရှိ လယ်မြေအများအပြား ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်းဘေးအန္တရာယ် တို့နည်းပါးသည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်ရာကျပ်လျှင် အတိုးနှုန်း(၀.၆၇)ပြားနှုန်းဖြင့် တစ်ဧက တစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ တချို့အိမ်ထောင်စုများမှာ ကျေးရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း (၈၀%)နှုန်းဖြင့်လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း (၆၀%)ခန့်ဖြင့်လည်းကောင်း ချေးယူနိုင်ကြသေးသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားခြင်း မရှိသေးပါ။

ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ ရင်းနှီးမြှုပ်နှံ)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သောဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ နှစ်သောင်းကျပ်မှ

ဆယ်သိန်းကျပ်အထိ ချေးယူထားကြောင်း တွေ့ရသည်။ ထိုအိမ်ထောင်စုများ၏ (၇၀%)သည် အကြွေးငွေ ငါးသိန်းအောက် ချေးယူထားပြီး (၃၀%)သည် ငါးသိန်းအထက် ချေးယူထားကြောင်း တွေ့ရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်းကို အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၅% မှာ ဘွဲ့ကြိုးကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်ရာခိုင်နှုန်းလည်း မြင့်မားပါသည်။ အလယ်တန်း တက်ရောက်သူနည်းပြီး အထက်တန်း တက်ရောက်သူ အလွန်နည်းနေသည်ကိုတွေ့ရပြီး တက္ကသိုလ်ကျောင်း တက်ရောက်သူမှာ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင်းရှိ မူလတန်းကျောင်းတွင် ပရိဘောဂတို့ လုံလောက်မှုရှိပြီး မူလတန်းပြ ဆရာမ(၄)ဦး၊ ဆရာ(၁)ဦး သင်ကြားပေးလျှက်ရှိကြသည်။ ကျောင်းတွင် တပည့်ဆရာအချိုး ညီမျှမှုရှိပြီး ဆရာ/ဆရာမအင်အား လုံလောက်မှုရှိပါ သည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ သို့သော် ကျန်းမာရေးဝန်ဆောင်မှုများကို အခြားအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနမှ ရရှိပါသည်။

သောက်ရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး ရေလုံလောက်မှုရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ ၂၀၁၄ ခုနှစ်တွင် အစိုးရမှ ဆောက်လုပ်ထားပေးသော်လည်း ယခုအခါ ကျောင်းအိမ်သာကျင်းများ ပြိုကျပျက်စီးနေသည်ကို တွေ့ရပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

**(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာရှိ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်သည်။ မိုးရာသီတွင် ရေဝပ်ခြင်း၊ ဗွက်ပေါက်ခြင်းတို့ ဖြစ်သဖြင့် ရွာသားများ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် သွားလာရ အလွန်ခက်ခဲနေခြင်းကို တွေ့ရပါသည်။ ကျေးရွာတွင်းလမ်းမှာလည်း မြေသားလမ်းဖြစ်သဖြင့် ရေဝပ်ခြင်း၊ ဗွက်ပေါက်ခြင်းများ ဖြစ်ပေါ်လျှက်ရှိပါသည်။

ကျေးရွာတွင် ရွာလုံးကျွတ် လျှပ်စစ်မီးမရရှိသေးသဖြင့် လူနေမှုစနစ်မှာနိမ့်ကျပြီး အိမ်တွင်းလုပ်ငန်းများနှောင့်နှေးခြင်းနှင့် ထင်းမီးကိုသာ အသုံးပြုရခြင်းကြောင့် သစ်တောပြုန်းတီး၍ သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်လျှက်ရှိသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်

မရှိသဖြင့် ရွာသားများ အသိဉာဏ်ဖွံ့ဖြိုးမှု နည်းပါးခြင်းကို တွေ့ရပါသည်။ တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှု ဖြစ်ပွါးခြင်းနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လူငယ်ပညာတတ် အသင့်အတင့်ရှိပြီး လူဦးရေအားလုံး၏ (၇၀%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေပါမည်။

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း တိုက်ကြီးဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် ကောင်းသော အဆင့်တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ သို့သော် ဆန်စပါးဈေးကွက်နှင့် လက်လှမ်းမမီသဖြင့် ဈေးကောင်းမရကြပါ။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် တဘူးလုရေလှောင်တမံမှ ရေရရှိ၍ နွေစပါး(၂၀၀) ဧကကျော်ကို ရေသွင်းစိုက်ပျိုးနိုင်သည်။ ကျေးရွာသည် တိုက်ကြီး-ရန်ကုန်မြို့များသို့ ကတ္တရာလမ်းနှင့် (၁)မိုင်ခွဲ အကွာတွင်ရှိပြီး ကား၊ ရထားလမ်းတို့ဖြင့် လွယ်ကူစွာ ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လက်ရှိကျေးရွာချင်းဆက် မြေသားလမ်းကိုပြုပြင်ခြင်းဖြင့် ရရှိနိုင်သဖြင့် ကျေးရွာထွက်ကုန်များကိုလည်း အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေး ထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် နွား၊ ဝက်၊ ကြက်မွေးမြူရေး လုပ်ငန်းများ တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

တဘူးလှရေလှောင်တမံမှ လယ်ဧက(၂၀၀)ကို ရေသွင်းစိုက်ပျိုးနိုင်သော်လည်း ဆည်မြောင်းများကော ၍ပျက်စီးခြင်းကြောင့် လက်ရှိ(၁၀)ဧကသာ စိုက်ပျိုးနိုင်သဖြင့် ဆည်မြောင်းများ တူးဖော်ပြင်ဆင်ပေးသင့်သည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သောဖျက်ပိုးများလည်း မတ်ပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ် ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ် လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်ုပ်တို့ ကျေးရွာလူထုကိုယ်တိုင် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေး ဗဟုသုတပြည့်ဝ၍ ကျန်းမာရေး အခြေခံအဆောက်အအုံများတိုးတက်စေရမည်။ ကျန်းမာရေး အသိပညာများတိုးပွား၍ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများမှ တဆင့် လူသားတိုင်း ကျန်းမာစေရမည်။ ကျန်းမာရေးပညာပေးသင်တန်းနှင့် နည်းပညာများရယူကာ တစ်ရွာလုံး ကျန်းမာကြံ့ခိုင်သောသူများ ဖြစ်စေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့်၊ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

က.၅) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် ရွာလုံးကျွတ် လျှပ်စစ်မီးရှိခြင်းမှတဆင့် လူနေမှုစနစ် တိုးတက်ကောင်းမွန် လာစေရမည်။ စာသင်ကျောင်း ခြံစည်းရိုးနှင့် အိမ်သာများ တိုးတက်ကောင်းမွန်စေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျွန်ုပ်တို့ ကျေးရွာတွင် ရွာလုံးကျွတ်လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပြီး လူနေမှုစနစ်မြှင့်တင်ပေးကာ ထုန်ကုန်လုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန်နှင့် ထင်းမီးအသုံးပြုခြင်းမှ လျှပ်စစ်မီးသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့ကျစေရန် ဆောင်ရွက်သွားမည်။

ခ.၄) ကျွန်ုပ်တို့ ကျေးရွာတွင် စာသင်ကျောင်းအိမ်သာနှင့် ခြံစည်းရိုးကာရံပြီး စာသင်ကျောင်း၏ နယ်ပယ်ကောင်းမွန်လာပြီး ကလေးငယ်များ၏ အရည်အချင်း တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်ပြည့်ဝသော ဆရာ၊ ဆရာမ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၅) ကျေးရွာတွင် ရွာချင်းဆက်လမ်း၊ ချဉ်းကပ်လမ်း၊ ရွာတွင်းလမ်း ဖေါက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင ်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ကျေးရွာတွင် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးဘဏ်များနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်သည့် အစီအစဉ်မရှိသေး၍ ဆောင်ရွက်သင့်ပါသည်။

## (ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ စျေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

## ( င) ကျေးလက်အခြေခံအဆောက်အဦ ဆောက်လုပ်ရေး

ကျေးရွာသည် ရန်ကုန်-ပြည်ကား လမ်းမနှင့် (၁)မိုင်ခွဲအကွာအဝေးတွင် တည်ရှိပြီး ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်သည်။ မိုးတွင်းအခါနှင့် နွေစပါးရေသွင်းစိုက်ပျိုးချိန်များတွင် ရွှံ့ထူဗွက်ပေါက်ခြင်းကြောင့် လမ်းဆိုးပြီး စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရောင်းချရေး၊ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ အကြောင်းအမျိုးမျိုးကြောင့် သွားလာသူများ ခက်ခဲခြင်းဖြင့် အတိဒုက္ခရောက်နေပါသောကြောင့် သက်ဆိုင်ရာ ဆောက်လုပ်ရေးဦးစီးဌာနမှ ကွန်ကရစ်လမ်းခင်းပေးခြင်းဖြင့် ဆောက်ရွက်သင့်ပါသည်။

## (စ) ကျေးရွာလုံးကျွတ်လျှပ်စစ်မီးရရှိရေးလုပ်ငန်း

ကျေးရွာတွင် လျှပ်စစ်မီးရွာလုံးကျွတ် မရရှိသေးသဖြင့် လူနေမှုစနစ် နိမ့်ကျခြင်းနှင့် ထင်းမီးကိုသာ သုံးစွဲရခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လျှက်ရှိပါသည်။ အိမ်တွင်းလုပ်ငန်းများတွင်လည်း လျှပ်စစ်မီးရရှိပါကလွယ်ကူပြီး အချိန်သက်သာရခြင်းကြောင့် ဝင်ငွေရလုပ်ငန်းများကို အချိန်ပိုပြီး လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ သို့ပါသောကြောင့် သက်ဆိုင်ရာ အစိုးရဌာနများမှတဆင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနရုံးမှ ကျေးရွာသို့ လျှပ်စစ်မီးရွာလုံးကျွတ်ရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်း ဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ/အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အခြေခံအဆောက်အဦ*** | ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်း ရရှိအောင် ဆောင်ရွက်ရေး | ၁၀၀ | ၁ | • ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍ ကွန်ကရစ်လမ်း ရရှိအောင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | ကျေးလက်ဦးစီး |
| ***လျှပ်စစ်မီးလင်းရေး*** | ကျေးရွာလုံးကျွတ် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ရေး | ၉၃ | ၂ | • မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာလုံးကျွတ် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | |
| ***စိုက်ပျိုးရေး*** | သီးနှံထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ဆောင်ရွက်ခြင်း | ၈၇ | ၃ | • စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မျိုးကောင်း မျိုးသန့်များ ရရှိရေးနှင့် နည်းပညာ၊ ဝန်ဆောင်မှုများ ချေးငွေများရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | |
| ***မွေးမြူရေး*** | ချေးငွေများအချိန်မီ ရရှိအောင် ဆောင်ရွက်ရေး၊ တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရေး | ၈၃ | ၄ | • စီပီဝက်နှင့် ကြက်၊ နွား၊ မျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရန်အတွက် နည်းပညာနှင့် ချေးငွေများရရှိအောင် ဆောင်ရွက်သွားမည်။ | |
| ***ကျန်းမာရေး*** | ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း | ၇၈ | ၅ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်နိုင်ရေး | |

| ကဏ္ဍ/အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | ရန်ပုံငွေနှင့် နည်းပညာ အထောက်အပံ့ရရှိရန် ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြဆောင်ရွက်မည်။ ကျန်းမာရေးဆေးပေးခန်း ဆောင်ရွက်ခြင်း။ | |
| *ပညာရေး* | ကျောင်းခြံစည်းရိုးနှင့် ကျောင်းအိမ်သာ ဆောက်လုပ် မှုရရှိရန် ဆောင်ရွက်ရေး | ၅၅ | ၆ | • မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်ပြီး ကျောင်းခြံစည်းရိုးနှင့် ကျောင်းအိမ်သာရရှိရန် ဆောင်ရွက်သွားမည်။ | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက် ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းရရှိအောင် ဆောင်ရွက်ရေး | ၁ | Â | Â | Â | Â | Â |
| ၂ | ကျေးရွာလုံးကျွတ် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ရေး | ၂ | Â | Â | Â | Â | Â |
| ၃ | သီးနှံထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ဆောင်ရွက်ခြင်း | ၃ | Â | Â | Â | Â | Â |
| ၄ | ချေးငွေများ အချိန်မီရရှိအောင် ဆောင်ရွက်ရေး၊ တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရေး | ၄ | Â | Â | Â | Â | Â |
| ၅ | ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမီမှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း | ၅ | Â | Â | Â | Â | Â |
| ၆ | ကျောင်းခြံစည်းရိုးနှင့် ကျောင်းအိမ်သာ ဆောက်လုပ်မှုရရှိရန် ဆောင်ရွက်ရေး | ၆ | Â | Â | Â | Â | Â |

## ၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းရရှိအောင် ဆောင်ရွက်ရေး | | | | | |
| ၂ | ကျေးရွာလုံးကျွတ် လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ရေး | | | | | |
| ၃ | သီးနှံထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ဆောင်ရွက်ခြင်း | | | | | |
| ၄ | ဈေးငွေများ အချိန်မီရရှိအောင် ဆောင်ရွက်ရေး၊ တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ် တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရေး | | | | | |
| ၅ | ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမီမှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း | | | | | |
| ၆ | ကျောင်းခြံစည်းရိုးနှင့် ကျောင်းအိမ်သာဆောက်လုပ်မှု ရရှိရန် ဆောင်ရွက်ရေး | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ

အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာ အသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံး ပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အကောင်အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

### (၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စမစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါ ဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ အား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**နောက်ဆက်တွဲ (၁)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁ | ၁ | ၂ | ၀.၄၇% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၁၄ | ၁၃ | ၂၇ | ၆.၄၄% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၁၆ | ၃၀ | ၇.၁၅% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၉ | ၂၂ | ၄၁ | ၉.၇၈% |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၇ | ၁၄၈ | ၂၈၅ | ၆၈.၀၁% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်အို | ၁၀ | ၂၄ | ၃၄ | ၈.၁၁% |
| **စုစုပေါင်း လူဦးရေ - ၄၁၉** | | **၁၉၅** | **၂၂၄** | **၄၁၉** | **၉၉.၉၆%** |

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| စုစုပေါင်း အိမ်ထောင်စု - ၁၁၀ | တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၁၉% | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် လူဦးရေဆိုင်ရာအချက်အလက်များ စစ်တမ်းကောက်ယူမှုအရ တစ်နှစ်အောက် ၁ နှစ်အောက် နို့စို့ကလေးအရွယ် (၂)ယောက်ရှိပြီး (၀.၄၇%)ရှိပါသည်။ ၁ နှစ်မှ ၅ နှစ်အောက် ကလေးငယ် (၂၇)ယောက်ရှိပြီး (၆.၄၄%)ရှိပါသည်။ ၅ နှစ်မှ ၉ နှစ်အထိ မူလတန်းကျောင်းသားအရွယ် (၃၀)ယောက်ရှိပြီး (၇.၁၅%)ရှိပါသည်။ ၉ နှစ်အထက်မှ ၁၅ နှစ်အထိ အလယ်တန်းကျောင်းနေအရွယ် (၄၁) ယောက်ရှိပြီး (၉.၇၈%) ရှိပါသည်။ ၁၅ နှစ်အထက်မှ ၆၀ နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ် (၂၈၅)ယောက် ရှိပြီး(၆၈.၀၁%)ရှိပါသည်။ ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်အို (၃၄)ယောက်ရှိပြီး (၈.၁၁%)ရှိပါသည်။ ကျေးရွာ၏ စုစုပေါင်းလူဦးရေမှာ (၄၁၉)ဦးရှိပါသည်။ အိမ်ထောင်စု(၁၁၀)စုရှိပြီး ကျေးရွာတစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေ (၄.၁၉%)ဖြစ်ပြီး မြန်မာနိုင်ငံ၏တစ်အိမ်ထောင်စု၏ ပျမ်းမျှလူဦးရေ (၅)ယောက်နှုန်းအောက် ရှိပါသည်။ ကျေးရွာလူဦးရေဆိုင်ရာ အချက်အလက်များကို ကောက်ယူရာတွင် ဦးစွာကျေးရွာအုပ်ချုပ်ရေးမှူး နှင့် အတူ၊ ဆယ်အိမ်မှူးများနှင့် ရွာသူ/သားများ အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများ ပြုလုပ်ခဲ့ပါသည်။ အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်လည်း ကျေးရွာအတွက် အချိန်ပေးနိုင်သူဖြစ်ခြင်း၊ ကျေးရွာတွင် အခြေတကျနေ ထိုင်ခြင်း၊ အသက်အရွယ်(၁၈)နှစ်အထက်ဖြစ်ခြင်းနှင့် ကျေးရွာလူထုကယုံကြည်အားထားရသူ ဖြစ်ရပါမည်။ ဖွဲ့စည်းပြီးနောက် ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၏ အိမ်ထောင်စုစာရင်းကို အတူကောက်ယူခဲ့ပါ သည်။ ကောက်ယူရာတွင်လည်း လူဦးရေစာရင်းများ၊ လက်ရှိအခြေအနေများ၊ အခက်အခဲပြဿနာများ၊ ဖွံ့ဖြိုး ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ၊ အတားအဆီး အဟန့်အတားများ၊ ဖြေရှင်းရန်နည်း လမ်းများနှင့်အတူ အကောင်အထည်ဖော်ရန် လုပ်ငန်းများကိုလည်း တိကျမှန်ကန်စွာ ကောက်ယူခဲ့ပါသည်။ အိမ် ထောင်စုစာရင်းနှင့် အခြားအချက်အလက်များကို ကောက်ယူပြီးနောက် (၂)မိုင်အကွာရှိ ကျေးရွာအုပ်ချုပ်ရေး မှူးရုံးရှိ အုပ်ချုပ်ရေးမှူးနှင့် တိုင်ပင်ဆွေးနွေးပြီး မြို့နယ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်သွင်းရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၇ | ၇၉.၁% | ၁၂၃ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၈ | ၇.၃% | ၉ | | |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | | |

| စဉ် | လုပ်ငန်းများ | | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | မိသားစု ဝင်လုပ် အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၂ | | |
| ၈ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | ၁ | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | ၉.၁% | ၁၅ | ၂ | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁ | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၃၃ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၄.၅% | ၅ | ၁၀ | |
| | **စုစုပေါင်း** | **၁၁၀** | **၁၀၀%** | **၁၅၄** | **၄၇** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် လူဦးရေများပြားပြီး လုပ်အားနှင့် ဝင်ငွေရလုပ်ငန်းများမှာ အလွန်ပင်နည်းပါးလှသည်။ သို့သော် လုပ်အားများ အသင့်တင့်ရှိသော်လည်း ကျေးရွာ၏ ရင်းနှီးမြှပ်နှံမှု ငွေအရင်းအနှီး မလုံလောက်သဖြင့် ကာလတစ်လျှောက်လုံး လုပ်အားနှင့် စားနေရသူများလှပါသည်။ ကျေးရွာသူ၊ သားများသည် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သော်လည်း ရင်းနှီးမြှပ်နှံမှု ငွေအဖူအလုံ မရှိသဖြင့် လက်လုပ်လက်စားနဲ့သာ အချိန်များစွာ ကုန်နေရပါသည်။ ဒီအချက်အလက်များကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်၏ အကူအညီနှင့် အခြားပုဂ္ဂလိက အဖွဲ့အစည်းများသာ အတိုးနှုန်းထား သက်သာစွာဖြင့် အကူအညီများ ပေးခဲ့မည်ဆိုလျှင် ကျေးရွာသူ/သားများ၏ ဝင်ငွေရလုပ်ငန်းများ ပေါကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပင်ဖြစ်ပါသည်။ ဝင်ငွေရ လုပ်ငန်းများနှင့် အခြားဘက်စုံလုပ်ငန်းများ တစ်ခါတစ်ရံများ ပေါ်ပေါက်လာသည့်အခါ မသိနားမလည်သော စကား၊ မသိနားမလည်သော လုပ်ငန်းများကို (၂)မိုင်ခန့်ရှိသော ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူးနှင့်တိုင်ပင် ဆွေးနွေးလုပ်ကိုင်ခဲ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊လက်သမားပန်းရံလုပ်ငန်း | နေ့စား | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်) | နေ့စား | - | ၃၅၀၀ | - | ၃၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာရှိ လယ်ယာလုပ်ငန်းတွင် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထားများမှာ ကျား(၅၀၀၀)ကျပ်နှင့် မ(၃၅၀၀)ကျပ် အများဆုံးရရှိကြပြီး၊ ကျွမ်းကျင်ပညာရှင် လုပ်ငန်းတွင် လုပ်အားခမှာ မအများဆုံး(၃၅၀၀)ကျပ်နှင့် အနည်းဆုံး(၃၀၀၀)ကျပ် ရရှိပါသည်။ ကျေးရွာတွင် ကျား၊ မ လုပ်အားခငွေများရရှိသော်လည်း (၃ပမာ)တစ်အိမ်ထောင်လျှင် (၅)ယောက်ဆိုပါစို့၊ တစ်ဦးလုပ်အားခ (၅၀၀၀)ကျပ်၊ ကျန်(၄)ဦးမှာ ဝင်ငွေရလုပ်ငန်းမရှိသောကြောင့် သူတို့၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေတို့နှင့် မညီမျှသောကြောင့် သူတို့၏ ဝမ်းစာဖူလုံမှု အလွန်လျော့နည်းရခြင်းဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (၁.၃) သဘာဝရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၃၃၁ | သင့် | အနည်းအကျဉ်း | တဘူးလှဆည်ရေ |
| ယာမြေ /တောင်ယာ | - | - | - | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | - | - | - |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| အခြား | - | - | - | - |
| **စုစုပေါင်း** | **၃၃၁** | - | - | - |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက် ။ ။ ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် လယ်မြေစိုက်ပျိုးနိုင်သော မြေဧကမှာ (၃၃၁)ဧကရှိပါသည်။ ကျေးရွာ အတွင်းရှိ လယ်သမားများသည် လယ်ရှိသော်လည်း လယ်၏အကျိုးသက်ရောက်မှု အလွန်ပင်နည်းပါးလျှက် ရှိပါသည်။ ရေရရှိမှုလိုအပ်သလို ရှိပါကလယ်သည်တစ်နှစ်ကို သုံးသီးသော်လည်းကောင်း၊ နှစ်သီးသော်လည်း ကောင်း၊ မြေဩဇာ၏ ရာသီအလိုက် ကျွေးခြင်းဖြင့် စိုက်ပျိုးနိုင်ပါသည်။ ဆည်မြောင်းများရှိခြင်းဖြင့် ဆည်မြောင်းများကောခြင်း၊ ပျက်စီးပေါက်ထွက်ခြင်းနှင့် ဆည်မြောင်း၏ လှည်းလမ်းမရှိ ဂုံးတံတားများကို အခိုင်အမာပြုလုပ်ပေးခြင်းဖြင့် ဆည်မြောင်းဘေးရှိ လယ်မြေဧရိယာများကို အချိန်နှင့် တပြေးညီ စိုက်ပျိုးပြီး ဒီထက်မက ဝင်ငွေရလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် ပြင်ပရှိ သဘာဝတိရစ္ဆာန်မျိုးများ အသင့်အတင့် တည်ရှိပါသည်။ လယ်မြေများရှိခြင်းကြောင့် သဘာဝအပင်မျိုးစိတ်များ အသင့်အတင့် ရှိပါသည်။ သဘာဝမျိုးစိတ် ပေါများပေမဲ့ ကျွဲ၊ နွားများ၏ ဝမ်းစာဖူလုံမှုရှိရန်အတွက် ရိတ်ကျွေးပြုစုရပါသည်။ တိရစ္ဆာန်များ၏ ကျန်းမာရေး၊ မကောင်းသောအခါ၌လည်း အသိအမြင်ကြွယ်ဝသော လူများနှင့် တွေ့ဆုံဆွေးနွေးပြီး သင့်လျော်သော ဆေးဘက်ဝင်အပင်များကို ခူးခတ်ပြီး တိုက်ကျွေးပြုစုရပါသည်။ ဝမ်းစာဖူလုံမှုနှင့် ပတ်သက်၍ သဘာဝဆေးဘက်ပါဝင်သော လယ်မြေများကို ငါးကန်၊ ပုဇွန်ကန်တူး၍ ကြွယ်ဝချမ်းသာသော လူများလက်ထဲသို့ ရောက်ရှိခြင်းဖြင့် ဆေးဖက်ဝင်အပင်များ တဖြည်းဖြည်းလျော့နည်းရခြင်း ဖြစ်လာပါသည်။ ထို့ကြောင့် သဘာဝအပင်များ တစ်နှစ်နှင့် တစ်နှစ် လျော့နည်းလာရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀-၁၅ ဧက | ၅-၁၀ ဧက | ၃-၅ ဧက | - |
| အိမ်အခြေအနေ | တိုက်ခံ၊ သစ်မိုး | သွပ်မိုး၊ ပျဉ်ကာ | သွပ်မိုး၊ ထရံကာ | ဓနိမိုး၊ ဓနိကာ |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ ရေစုပ်စက် | နွားလှည်း၊ ရေစုပ်စက် | နွား၊ ကျွဲ | - |
| ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သောပိုင်ဆိုင်မှု | ဆိုင်ကယ်၊ ဖုန်း၊ TV | ဆိုင်ကယ်၊ ဖုန်း၊ TV | ဖုန်း၊ စက်ဘီး | - |
| အဓိကစီးပွားရေးလုပ်ငန်း | လယ် | လယ် | အထည်ချုပ်၊ လယ်၊ ကျပန်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | - | - | - | - |
| **အိမ်ထောင်စု - ၁၁၀** | **၁၉(၁၇.၂%)** | **၂၁(၁၉.၁%)** | **၄၀(၃၆.၄%)** | **၃၀(၂၇.၃%)** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့် အခြေအနေကို အထက်ပါဇယား(၆)အတိုင်း သတ်မှတ်ထားပြီး အဆင်ပြေသော အိမ်ထောင်စုဦးရေမှာ ကျေးရွာအိမ်ထောင်စု၏ (၁၇.၂%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စုဦးရေမှာ ကျေးရွာအိမ်ထောင်စု၏ (၁၉.၁%)၊ ဆင်းရဲသောအိမ်ထောင်စုမှာ (၃၆.၄%)နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ ( ၂၇.၃%) ရှိပါသည်။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ

နည်းပါးပြီး အလယ်အလတ်ရှိသော အိမ်ထောင်စု အနည်းငယ်၊ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ များပြားစွာတွေ့ရသည်။ အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ် အိမ်ထောင်စုမှာ လယ်သမားများ ဖြစ်ကြပြီး၊ ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများမှာ လယ်သမားများ၊ ကျပန်းအလုပ်သမားများလည်း တွေ့ရပါသည်။ ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်းဖြင့် ကျေးရွာ၏လူနေမှုအဆင့်အတန်းကို သိရှိနားလည်ရပါသည်။ အခက်အခဲများစွာ လုပ်ကိုင်စားသောက်ရခြင်းအားဖြင့် စက်ယန္တရားများ ဈေးနှုန်းချိုသာစွာဖြင့် ကိုင်ဆောင်နိုင်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများ ပေါများခြင်းတို့ဖြင့် ကျေးရွာ၏ဥစ္စာဓနအခြေအနေကို ကြည့်ခြင်းအားဖြင့် ကျေးရွာသည်ဖွံ့ဖြိုးမှုများ လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၈ | ၃၈.၁% | ကောက်စိုက်/ပျိုးနုတ်ပေးယူ၍ စားသောက်ရ |
| ၃ လနှင့် ၆ လအောက် | ၄ | ၁၉% | ကောက်စိုက်/ပျိုးနုတ်ပေးယူ၍ စားသောက်ရ |
| ၆ လ မှ ၁၂ လ အထိ | ၉ | ၄၂.၈% | ကျပန်းလုပ်ကိုင်စားသောက်ရ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ထိခိုက်လွယ်သူများအနေဖြင့် နည်းပါးသော်လည်း အိမ်ထောင်စုအများစုမှာ ဆင်းရဲနွမ်းပါးသူများသဖြင့် ဘာသာရေး၊ လူမှုရေးဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်သူ နည်းပါးခြင်း၊ စားဝတ်နေရေး မပြေလည်သူများပြားခြင်း၊ လူနေမှုစနစ် နိမ့်ပါးခြင်းနှင့် ဗဟုသုတနည်းပါးခြင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် အိမ်ထောင်ဦးစီး ယောကျ်ားများ သေကြေပျက်စီးမှုကြောင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၃၀)စုရှိပါသည်။ အချို့သော အမျိုးသမီးများသည် ငွေကြေးမပြည့်စုံ၍ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးများ အလွန်ခက်ခဲစွာ ရုံးကန်ကြိုးပမ်းနေရပါ သည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးများ၏ ဦးဆောင်မှုကြောင့် ဝင်ငွေနည်းပါး၍ အရာအားလုံးကို

ခက်ခဲစွာဖြင့် ရင်ဆိုင်ဖြေရှင်းနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | အလုပ်အကိုင်များ ရှားပါးခြင်း |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | မြေပိုင်ဆိုင်မှု အနည်းငယ်သာရှိခြင်း |
| ၃ | ရေကြီးခြင်း | လတ် | တစ်ခါတစ်ရံသာ ဖြစ်ခြင်း |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မရှိပါ။ မိုးရေချိန်(၈၁)လက်မရရှိ |
| ၅ | အအေးလွန်ကဲခြင်း | လတ် | တစ်ခါတစ်ရံသာ ဖြစ်ခြင်း |
| ၆ | မုန်တိုင်း | နိမ့် | တစ်ခါတစ်ရံသာ ဖြစ်ခြင်း |
| ၇ | ငလျင် | နိမ့် | တစ်ခါတစ်ရံသာ ဖြစ်ခြင်း |
| ၈ | မီးဘေး | နိမ့် | တစ်ခါတစ်ရံသာ ဖြစ်ခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | မြေသြဇာ အလွန်အကျွံသုံးစွဲခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | ထင်းအဖြစ်သုံးစွဲခြင်းကြောင့် |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။ |
| ၁၃ | တီဘီရောဂါ | နိမ့် | ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | နွားများတွင် ခွါနာလျှာနာရောဂါ၊ ကြက်၊ ဘဲများတွင် ကြက်နာ၊ ကပ်ပြားရောဂါ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | တိုက်ကြီးမြို့နှင့် (၅)မိုင်ဝေးကွာခြင်း |
| ၁၉ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာအတွင်းရှိ လယ်သမားများ၏ လယ်မြေများ လုပ်ကိုင်စားသောက်ခြင်း၊ အလုပ်သမားများ ကျပန်းလုပ်ကိုင်စားသောက်ခြင်းဖြင့် သင့်လျော်ရာဝမ်းစာဖူလုံမှုရှိပါသည်။ ခြံမြေများတွင် အနည်းငယ်စိုက်ပျိုးခြင်းဖြင့် လယ်မြေများသာ အဓိကစိုက်ပျိုးရပါသည်။ လယ်မြေများကို အဓိကစိုက်ပျိုးသော်လည်း ရာသီဥတုဘေးကြောင့် ရေကြီးခြင်းနှင့် ပိုးကျခြင်းများကို အဓိကအနည်းအကျဉ်း ခံစားရပါသည်။ မိုးရေများလုံလောက်စွာရရှိခြင်းဖြင့် လယ်မြေများ စိုက်ပျိုးရာတွင် ရေဖူလုံမှုရှိပါသည်။ ရာသီဥတုဘေးအန္တရာယ်ကင်းလွတ်စွာရှိပြီး အနာရောဂါများနှင့် ကူးစက်ရောဂါများ နည်းပါးစွာနေထိုင်ရပါသည်။ သီးကုန်စားကုန်နှင့် ကျန်းမာရေးများသွားလာရမည့် အနေအထားတွင် မြေသားများ၏ ပျက်စီးမှုနှင့် (၁)မိုင်ခွဲရှိသော လမ်း၏ဆိုးရွားမှုကြောင့် ဝင်ငွေရထုတ်ကုန်ပစ္စည်းများ မရောင်းချနိုင်ခြင်း၊ ကျန်းမာရေး အချိန်မီ အခါမီ မကုသနိုင်ခြင်းတို့ဖြစ်ရကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | ကျေးရွာတွင် လူငယ်အများစုမှာ လိမ္မာရေးခြားရှိခြင်း၊ အရက်သောက်သုံးသူများ အနည်းငယ်ရှိခြင်း၊ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | အလုပ်အကိုင် ရှားပါး ပုံမှန်ဝင်ငွေမရှိခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင်နေထိုင်သူ | နိမ့် | မရှိပါ။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မရှိပါ။ |
| ၆ | မတော်တဆမှု ဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | မရှိပါ။ |
| ၇ | ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | မရှိပါ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မရှိပါ။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိပါ။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်အကိုင် နည်းပါးခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိပါ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | နိမ့် | မရှိပါ။ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | မရှိပါ။ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိပါ။ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မရှိပါ။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | မရှိပါ။ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်း သူများ | လတ် | ကျေးရွာတွင်း အိမ်ဆိုင်များသာရှိခြင်း |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | မရှိပါ။ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | မရှိပါ။ |
| ၂၀ | ကားသမား | နိမ့် | မရှိပါ။ |
| ၂၁ | အခြား | နိမ့် | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် လုပ်သားများသည် ကျပန်းလုပ်ကိုင်စားသောက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရပါသည်။ အချို့အိမ်ထောင်စုများမှာ မိခင်များဦးဆောင်ပြီး သားသမီးများ၏ ဝမ်းစာရေး၊ ပညာရေးနှင့် အခြားအရေးများကိုလည်း အဆင်ပြေချောမွေ့စွာအောင် ကြိုးစားလုပ်ကိုင်ကျွေးရပါသည်။ လုပ်သားအချို့သည်လည်း လယ်မြေများကို ငှားရမ်းပြီး လယ်လုပ်ကိရိယာမဲ့စွာဖြင့် လုပ်ကိုင်စားသောက်နေ

ရခြင်းဖြစ်ပါသည်။ အချို့သောလုပ်သားများသည် လုပ်ငန်းအချိန်ပြည့် မရှိမှုကြောင့် စားဝတ်နေရေး အလွန်ခက်ခဲစွာနေထိုင်ရပါသည်။ အချို့တွင် အလွန်ဆင်းရဲလွန်းသောကြောင့် ဒေသတွင်နေထိုင်မှုမရှိဘဲ အလုပ်ပေးနိုင်သောဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင်စားသောက်ရပါသည်။ စက်ရုံ၊ အလုပ်ရုံများ ပေါ်ကြွယ်ဝစွာရှိခြင်းနှင့် သက်သာသော အတိုးနှုန်းဖြင့် ကူညီထောက်ပံ့ပေးခြင်းဖြင့် လူမှုဖွံ့ဖြိုးမှု အောင်မြင်နိုင်မည် ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လမ်းကော်မတီ | ၂ | ၁၀ | - | ၁၀ | လမ်းပြုပြင်ခြင်း | ၄ | ၇ |
| ၂ | မီးကော်မတီ | ၂ | ၁၁ | - | ၁၁ | လျှပ်စစ်မီးရရှိ | ၄ | ၇ |
| ၃ | ကျေးရွာဖွံ့ဖြိုးရေး | ၂ | ၉ | ၁ | ၁၀ | ကျေးရွာဖွံ့ဖြိုးရေး | ၄ | ၇ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေး အခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်ဖွဲ့စည်းသူ အများအပြားရှိပြီး အဓိက ဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းနှင့်မီးဖြစ်ပြီး အခြားအသီးအသီးလည်း ပါဝင်ပါသည်။ ရန်ကုန်-ပြည်ကားလမ်းမနှင့် (၁)မိုင်ခွဲခန့် ရှည်လျားသောမြေသားလမ်းနှင့် မီးများရရှိရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတစ်ရပ် ဖွဲ့စည်းရခြင်းဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက တိုးတက်မှုအင်အား နည်းပါးခြင်းကြောင့် ယခုငါးနှစ်တာကာလအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်းအတွက် ရည်ရွယ်ပြီး စိတ်ပါဝင်စားမှု ဖြစ်လာအောင် ဖွဲ့စည်းထားရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည်ဖြင့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ လာရောက်ကူညီမှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၀ | ၇၂.၇၂% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂ | ၁.၈၁% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၄ | ၁၂.၇၂% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၉ | ၈.၁၈% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၅ | ၄.၅၄% | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၁၀ | ၉၉.၉၇% | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ (၂.၅)ဧကအောက်ရှိသော အိမ်ထောင်စု(၂)စု (၁.၈၁%)၊ (၂.၅)ဧကမှ (၅)ဧကထိရှိသော အိမ်ထောင်စုမှာ(၁၄)စု (၁၂.၇၂%) (၅)ဧကမှ (၁၂.၅)ဧကကြားရှိသော အိမ်ထောင်စု(၉)စု (၈.၁၈%)၊ (၁၂.၅)ဧကအထက်ရှိသော အိမ်ထောင်စု (၅)စု (၄.၅၄%)ဖြစ်ပါသည်။ မြေယာမဲ့ အိမ်ထောင်စုဦးရေမှာ (၈၀)စု (၇၂.၇၂%)ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုများပြားသောကြောင့် ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ ဖော်ဆောင်နိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

#### (၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ/ | ရေသောက်ဧက | ရရှိနိုင်မှု |
|---|---|---|---|---|

| | | ပုဂ္ဂလိက | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု(ရှိ/မရှိ) |
|---|---|---|---|---|---|
| ၁ | ဆည် | အစိုးရ | ၂၀၀ | ရာသီအလိုက် | မရှိ၊ တဘူးလှဆည် |
| ၂ | ရေလွှဲဆည် | - | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - | - |
| ၄ | အဝီစိတွင်း | - | - | - | - |
| ၅ | လက်ငင် ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | - | - | - | - |
| ၈ | အခြား | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာမှာ အစိုးရမှ ဖေါ်ဆောင်ပေးသော တဘူးလှဆည်မှ နွေစပါး(၂၀၀)ဧက ရေသွင်းစိုက်ပျိုးနိုင်ပါသည်။ ရာသီအလိုက် ရေရရှိပါသည်။ မိုးရာသီတွင် မိုးစပါးစိုက်ပျိုးကြပြီး နွေရာသီတွင် အစိုးရမှပေးသော ဆည်မြောင်းရေဖူလုံမှု မရှိသေးသည့်အတွက် မတ်ပဲများ စိုက်ပျိုးရပါသည်။ မြောင်းများ ပျက်စီးမှုနှင့် တိမ်ကောမှုများ ပြုပြင်မှုများ ပြုလုပ်ပေးခြင်းဖြင့် ဆည်မြေရေဖြင့် စိုက်ပျိုးရသော လယ်ဧကပေါင်း မြောက်မြားစွာ ထပ်မံတိုးချဲ့ စိုက်ပျိုးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| မိုးစပါး | ၃၃၁ | တင်း | ၅၀ | ၇၀ | ၆၀ | မေ | အောက်တိုဘာ | နိမ့် | နိမ့် | |
| နွေစပါး | ၁၀ | တင်း | ၆၀ | ၈၀ | ၇၀ | နိုဝင်ဘာ | ဧပြီ | နိမ့် | နိမ့် | |
| မတ်ပဲ | ၂၃၀ | တင်း | ၅ | ၁၀ | ၇ | နိုဝင်ဘာ | မတ် | လတ် | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် အဓိကသီးနှံမှာ စပါး၊ မတ်ပဲနှင့် မြေပဲတို့ဖြစ်ပါသည်။ မိုးစပါးစိုက်ဧကမှာ(၃၃၁)ဧကရှိပြီး စိုက်ပျိုးသည့်ကာလမှာ မေလမှ အောက်တိုဘာလ အထိဖြစ်သည်။ စပါးအထွက်နှုန်းမှာ အများဆုံး(၇၀)တင်း ထွက်ရှိပြီး အနည်းဆုံးမှာ (၅၀)တင်း ထွက်ရှိပြီး ပျမ်းမျှ(၆၀)တင်း ထွက်ရှိပါသည်။ နွေစပါး စိုက်ဧကမှာ(၁၀)ဧကရှိပြီး စိုက်ပျိုးသည့်ကာလမှာ နိုဝင်ဘာလမှ ဧပြီလအထိ ဖြစ်သည်။ နွေစပါး အထွက်နှုန်းမှာ အများဆုံး(၈၀)တင်း ထွက်ရှိပြီး အနည်းဆုံးမှာ (၆၀)တင်း ထွက်ရှိပြီး ပျမ်းမျှ(၇၀)တင်းထွက်ရှိပါသည်။ မတ်ပဲစိုက်ဧက(၂၃၀)ဧကရှိပြီး စိုက်ပျိုးသည့်ကာလမှာ နိုဝင်ဘာလမှ မတ်လအထိ ဖြစ်သည်။ မတ်ပဲ အထွက်နှုန်းမှာ အများဆုံး(၁၀)တင်း၊ အနည်းဆုံး(၅)တင်း ထွက်ရှိပြီး ပျမ်းမျှ(၇)တင်း ထွက်ရှိပါသည်။ စိုက်ပျိုးသည့်ကာလမှာ နိုဝင်ဘာလမှ မတ်လအထိ ဖြစ်ပါသည်။ လယ်မြေများ မြေဩဇာကျွေးမှု လျော့နည်းခြင်းကြောင့် အထွက်နှုန်း နည်းပါးသည်။ စပါးအထွက်၊ ပဲအထွက်နှုန်း လျော့နည်းခြင်းနှင့် ဝင်ငွေများလျော့နည်းလာ

ပါသည်။ စိုက်ပျိုးရာတွင် (၁)နှစ်တွင် (၁)ကေလျှင် (၃၅)တင်းကွာဟပြီး (၅)နှစ်တာ ကာလအတွင်းမှာ စိုက်ပျိုးရာတွင် (၁၇၅)တင်း လျော့နည်းခြင်းကို တွေ့ရှိရပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှ သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှု၊ ဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်မှုဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | - | - | - | - | - | - | - |
| လက်တွန်းထွန်စက် | ၉ | - | - | - | - | ၃၀ | - |
| အစေ့ချ ကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - | - | - | - |
| ခြွေလှေ့စက် | ၁ | - | - | - | - | ၂၇ | - |
| ရေစုပ်စက် | ၄ | - | - | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - | - | - | - |
| အခြား | - | - | - | - | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှုတွင် လက်တွန်းထွန်စက် တစ်ဦးချင်းပိုင်(၉)ဦးရှိပြီး ငှားရမ်းလုပ်ကိုင်သူ (၃၀)ဦးခန့် ရှိပါသည်။ ခြွေလှေ့စက် တစ်ဦးချင်းပိုင်(၁)စီးရှိပြီး ငှားရမ်းလုပ်ကိုင်သူ(၂၇)ဦးခန့် ရှိပါ သည်။ ရေစုပ်စက် တစ်ဦးချင်းပိုင်(၄)လုံးရှိပါသည်။ လယ်သမားများမှာ အဆင့်အတန်းများ နှစ်ခုကွဲပြားနေပါသည်။ ပြေလည်မှုရှိသော လယ်သမားများမှာ လုပ်ငန်းနှင့် ဆက်စပ်မှုရှိသော စက်ကရိယာများကို ဝယ်ယူအသုံးပြုကြပါသည်။ ဆင်းရဲစွာနေထိုင်ကြသော လယ်သမားများမှာ ငွေအရင်းအနှီးမြှပ်နှံမှုမရှိဘဲ ဝမ်းစာဖူလုံရေးနှင့် စားဝတ်နေရေးအတွက် လယ်လုပ်ရခြင်းဖြစ်ပါသည်။ လယ်လုပ်ရာတွင် စက်ကရိယာများ မပြည့်စုံခြင်း၊ ငွေကြေးမပြည့်စုံခြင်း၊ စက်ယန္တရားများကို သူများထံမှ ငှားရမ်းလုပ်ကိုင်ရခြင်းကြောင့် အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ လုပ်သားများရှားပါးမှုကြောင့် စက်ယန္တရားများအား အရစ်ကျရောင်းချပေးခြင်းနှင့် ငွေကြေးများ အတိုးနှုန်းသက်သာစွာဖြင့် ချေးငှားခြင်းများ ပြုလုပ်ပေးသင့်ပါသည်။ စက်ပစ္စည်းများ ပံ့ပိုးပေးနိုင်ပါက စိုက်ပျိုးရေးကဏ္ဍတွင် တိုးတက်လာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ (စိုက်ပျိုးမြေ ရရှိနိုင်မှု၊ | စိုက်ပျိုးမြေတိုးချဲ့၍ မရသော်လည်း ကျေးရွာရှိ လယ်ယာမြေမှာ သင့်တင့်ပြီး |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
| --- | --- |
| မြေဆီသြဇာ) | နောက်ချီးမြေဆွေးအသုံးပြု၍ မြေသြဇာသင့်ပါသည်။ |
| ရေရင်းမြစ် | မိုးတွင်းအခါ မိုးရွာသွန်းမှုသင့်၍ နွေအခါဆည်မှရေရရှိပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာ | စက်မှုလယ်ယာဘက်သို့ ကူးပြောင်းလာခြင်းကြောင့် နွားမွေးသူ လျော့နည်းခြင်းကြောင့် နောက်ချီးနှင့် မြေသြဇာဆုတ်လျော့ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဓါတုပိုးသတ်ဆေးများ မဖြစ်မနေ အသုံးပြုရခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုရှိ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် အသေးစားငွေချေးလုပ်ငန်းများ ရှိသော်လည်း လုံလောက်သော ချေးငွေမရရှိ သေးပါ။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | မြန်မာ့သြဘာ၊ ခြသေ့င်တို့မှ ဝန်ထမ်းအချို့ ပိုးသတ်ဆေးနှင့် ဓါတ်မြေသြဇာ သုံးစွဲနည်း အနည်းငယ်မျှ ဝေပေးပါသည်။ |
| သွင်းအားစု ဈေးကွက် | တိုက်ကြီးဈေးမှ မြေဆီနှင့် ပိုးပတ်ဆေး ရရှိသော်လည်း ဈေးနှုန်းမသက်သာခြင်း |
| ထုတ်လုပ်မှု ဈေးကွက်နှင့် ကုန်သွယ်မှု | လက်လီကုန်သည်များနှင့် တိုက်ကြီး ဘုရင့်နောင်ဈေးကွက်သို့ ရောင်းချသော်လည်း ဈေးကွက်တည်ငြိမ်မှု မရှိ၍ အမြတ်ငွေ နည်းပါးခြင်းကို တွေ့ရသည်။ |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့နိုင်မှု မရှိသော်လည်း လက်ရှိလယ်မြေမှာ သင့်တင့်ပါသည်။ နောက်ချီးမြေဆွေးများ အသုံးပြု၍ မြေသြဇာအခြေအနေသင့်ပါသည်။ မိုးရေချိန် သင့်တင့်စွာ ရရှိခြင်းကြောင့် ရေရင်းမြစ်ကို မိုးရေနှင့် ဆည်ရေမှ ရရှိခြင်းကို တွေ့ရသည်။ ရာသီဥတုဖေါက်ပြန်ခြင်းကြောင့် ဓါတုပိုးသတ်ဆေးဝါးများကို ပိုးမွှားနှင့် ရောဂါများအတွက် အသုံးပြုရခြင်း၊ လုပ်သားများရှားပါးခြင်းကြောင့် စိုက်ပျိုးချိန်တွင် ထွန်စက်များရိတ်သိမ်းချိန်တွင် ရိတ်ခြွေများကို ချထားလုပ်ဆောင်ပေးခြင်းဖြင့် ဖြေရှင်းပေးစေခြင်း၊ နွားမွေးမြူသူလျော့နည်းလာခြင်းကြောင့် သဘာဝမြေသြဇာရရှိမှု နည်းပါးလာခြင်း၊ သြဘာနှင့် ရွှေခြသေ်င့ကုမ္ပဏီမှ ဝန်ထမ်းများ တခါတလေ ပိုးသတ်ဆေးနှင့် မြေသြဇာသုံးစွဲနည်းများကို အနည်းငယ်မျှဝေပေးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
| --- | --- |
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေလွတ်မြေရိုင်း၊ ပလပ်မြေမရှိသဖြင့် စိုက်ပျိုးမြေတိုးချဲ့နိုင်ခြင်း မရှိပါ။ |
| မြေဆီသြဇာ အခြေအနေ | နှစ်ရှည်စိုက်ပျိုးလာခြင်းကြောင့် မြေဆီသြဇာ ဆုတ်လျော့လာခြင်း |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | စိုက်ပျိုးရေးဘဏ်မှ ချေးငွေအချိန်မီ မရသဖြင့် အတိုးကြီးနှင့် ချေးယူရခြင်း |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီရရှိ အသုံးချနိုင်မှု | ချေးငွေအချိန်မီမရသဖြင့် မြေသြဇာအချိန်မီ မကျဲပက်နိုင်သဖြင့် စပါးအထွက်နှုန်း ကောင်းအောင် ဆောင်ရွက်နိုင်မှု မရှိခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လုပ်သားရှားပါးမှုရှိခြင်းကြောင့် စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန် အချိန်မီ ဆောင်ရွက်နိုင်မှု မရှိခြင်း |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ဆည်မြောင်းရှိသော်လည်း ပြုပြင်နိုင်မှု မရှိသဖြင့် ရေမရရှိခြင်း |
| စိုက်ပျိုးရေ မလုံလောက်မှု | ဆည်မြောင်းများကော၍ ပျက်စီးမှုကြောင့် လယ်ဧက ၂၀၀ စိုက်ပျိုးမရရှိခြင်း |
| ဖျက်ပိုးနှင့် ရောဂါ | ဆစ်ပိုးနှင့် တိုက်ဖျက်စားသောက်ပိုးနှင့် မှိုရောဂါများကျရောက်ခြင်း |
| ဈေးကွက် လက်လှမ်းမီမှု | တိုက်ကြီးဈေးနှင့် ဘုရင့်နောင်ပွဲရုံများသို့ ရောင်းချခြင်းဖြင့် လက်လှမ်းမီပါသည်။ |
| နည်းပညာ အကူအညီနှင့် | တောင်သူများစိုက်ပျိုးရေးနည်းပညာကျွမ်းကျင်မှုမရှိသဖြင့်ထွက်နှုန်းအားလျော့ |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| နည်းလမ်းများ | နည်းခြင်းအမြတ်အစွန်းနည်းခြင်း |
| အခြား | ကုန်ထုပ်လမ်းမကောင်းသောကြောင့်အချိန်မှီရောင်းချနိုင်မှုမရှိခြင်း |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာရှိစိုက်ပျိုးရေးအတွက် ကုန်ထုတ်လမ်းမှာ မြေသားလမ်းဖြစ်၍ သီးနှံထွက်ချိန်များမှာအချိန်နှင့် တပြေးညီ မရောင်းချနိုင်ခြင်း၊ လယ်မြေများနစ်ရှည်စွာ စိုက်ပျိုးလာခြင်းကြောင့် မြေဆီဩဇာဆုတ်လျော့လာသဖြင့် သီးနှံပင်များ ရာသီဥတုနှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်မှု မရှိခြင်း၊ စိုက်ဘဏ်မှ ချေးငွေအချိန်မီ မရရှိသဖြင့် စိုက်ပျိုးစရိတ်နှင့် ဓါတ်မြေဩဇာ ဈေးနှုန်းမြင့်တက်သဖြင့် အမျိုးကျမသုံးစွဲနိုင်ခြင်း၊ လုပ်သားရှားပါးမှုကြောင့် အချိန်မီ စိုက်ပျိုးရိတ်သိမ်းနိုင်မှု မရှိကြပါ။ ရေရင်းမြစ်ကောင်းမွန်သော်လည်း ရေကြီးနစ်မြုပ်သည့် လယ်အချို့မှာ အောင်ရေတခါတရံ လိုအပ်မှုရှိပါသည်။ ဆည်မြောင်းများကော၍ ပျက်စီးနေမှုကြောင့် ရေသောက်ဧက (၂၀၀)ဝန်းကျင်နွေစပါးစိုက်ပျိုး၍မရခြင်း၊ လယ်သမားများ နည်းပညာမရှိ၍ စနစ်တကျ စိုက်ပျိုးနိုင်ခြင်းမရှိပါ။ ထွက်ရှိသော သီးနှံများကို တိုက်ကြီးမြို့မဈေးနှင့် ဘုရင့်နောင်ဈေးကွက်တွင် တင်ပို့ရောင်းချကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၆၀ | ၈၉ ကောင် | လယ်ယာလုပ်ငန်းတွင် သုံးရန် |
| နို့စားနွား | ၂ | ၅ ကောင် | တစ်နိုင်တစ်ပိုင် မွေးမြူထားသည် |
| မြင်း | - | - | - |
| ကျွဲ | ၂ | ၇ ကောင် | လယ်ယာလုပ်ငန်းတွင် သုံးရန် |
| မြည်း | - | - | - |
| လား | - | - | - |
| ဆိတ် | - | - | - |
| သိုး | - | - | - |
| ဝက် | ၄၀ | ၄၆ ကောင် | စားသုံးရန်နှင့် ဝင်ငွေရရှိရန် |
| ကြက် | ၁၀၀ | ၇၀၃ ကောင် | စားသုံးရန်နှင့် ဝင်ငွေရရှိရန် |
| ဘဲ | ၇၀ | ၃၃၅ ကောင် | စားသုံးရန်နှင့် ဝင်ငွေရရှိရန် |
| နွားနောက် | - | - | - |
| အခြား | - | - | - |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | - |
| ပုဇွန်ကန် | - | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | - |
| အခြား | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် ကုန်းတွင်းမြေပြန့်တွင် တည်ရှိသောကြောင့် တိရစ္ဆာန်များ မွေးမြူရန်သင့်လျော်ပါသည်။ ခြံဝန်းများ ကျယ်ဝန်းပါသဖြင့် အိမ်မွေးတိရိစ္ဆာန်များလည်း မွေးမြူနိုင်သည်ကို တွေ့ရပါသည်။ စားကျက်မြေများ ကျယ်ဝန်းစွာမရှိသော်လည်း ရာသီအလိုက် ကွက်လပ်များနှင့် လယ်ကန်သင်းများမှ ကျွဲနွားများအတွက် အစာရရှိပါသည်။ အစာဈေးနှုန်းမြင့်တက်မှုနှင့် ဈေးကွက်တည်ငြိမ်မှု မရှိခြင်း၊ အတိုးကြီးနှင့် ငွေချေးယူရခြင်းတို့ကြောင့် လူတိုင်းမွေးမြူခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | အသင်တင့်ရှိပါသည်။ ကွက်လပ်များ၊ ကန်သင်းများ |
| ရေရရှိမှု | အဝီစိတုံကင်းများမှ ရေလုံလောက်စွာ ရရှိပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ပုဂ္ဂလိက မျိုးပွားသူများထံမှ တဆင့်မွေးမြူ ရယူနိုင်ပါသည်။ |
| ချေးငွေ | ငွေတိုးချေးသူများထံမှ အတိုးကြီးစွာဖြင့် ချေးယူရပါသည်။ |
| သွင်းအားစုဈေးကွက် | တိုက်ကြီးဈေးမှ တိရစ္ဆာန်အစာများ ဝယ်ယူရရှိပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | တိုက်ကြီးဈေးနှင့် လက်လီဝယ်သူများထံ ရောင်းချပါသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | လာရောက်ဝယ်ယူကြပါသည်။ ဈေးနိမ့်ကြပါသည်။ |
| အိမ်ခြံဝန်းအတွင်း မြေနေရာ လုံလောက်မှု | အိမ်ခြံဝန်းများ ကျယ်ဝန်းသောကြောင့် တိရစ္ဆာန်မွေးမြူရန် မြေနေရာ လုံလောက်စွာရှိပါသည်။ |
| အခြား | မရှိပါ။ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန် သားပေါက် လက်လှမ်းမီမှု | မရှိပါ။ |
| ချေးငွေ | မရှိပါ။ |
| သွင်းအားစု လက်လှမ်းမီမှု | မရှိပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မရှိပါ။ |
| ထုတ်ကုန်ရောင်းဝယ်မှု | မရှိပါ။ |
| အခြား | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် စားကျက်မြေ အသင့်တင့်ရှိပါသည်။ တိရစ္ဆာန်များအတွက် အဝီစိတုံကင်များမှ ရေကို လုံလောက်စွာ ရရှိပါသည်။ တဆင့်မျိုးပွားသူများထံမှ ဝယ်ယူကြပါသည်။ တိရစ္ဆာန်အစာများ ကို တိုက်ကြီးဈေးနှင့် ဆန်စက်များမှ ဝယ်ယူရရှိပါသည်။ လက်လီဝယ်ယူသူများနှင့် တိုက်ကြီးဈေးမှာ ပြန်လည်ရောင်းချသည်ကို တွေ့ရသည်။ ပုဂ္ဂလိက ငွေချေးသူများထံမှ ချေးငွေသင့်သလောက် ရရှိသည်ကို တွေ့ရပါ

သည်။ အိမ်ခြံဝန်းများ ကျယ်ဝန်းသဖြင့် တိရစ္ဆာန်များ မွေးမြူရန် မြေနေရာလုံလောက်မှုရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | ပုဂ္ဂလိကမှ ချေးငွေရရှိသော်လည်း လုံလောက်မှုမရှိပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ဝက်နားရွက်ပြာရောဂါ၊ နွားများ ခွါနာလျှာနာရောဂါများ ဖြစ်ပွားပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ဖွံ့ဖြိုးမှုအားနည်းသဖြင့် မွေးမြူရေးနည်းပညာ အားနည်းပါသည်။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | လက်လမ်းမီမှုမရှိပါ။ |
| အခြား | မွေးမြူရန် မျိုးကောင်းများမရရှိခြင်း၊ အစာဈေးနှုန်းမြင့်တက်ခြင်း၊ ရောင်းချသည့် ဈေးကွက်အားနည်းခြင်း |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | မရှိပါ။ |
| ချေးငွေရရှိနိုင်မှု | မရရှိပါ။ |
| အခြား | မရှိပါ။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းနှင့် သားငါးထုတ်လုပ်မှုအတွက် မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှု အားနည်းသဖြင့် ကြီးထွားနှုန်းနည်းခြင်း၊ ပုဂ္ဂလိက ငွေချေးသူများထံမှ ချေးငွေအနည်းငယ်ရရှိသော်လည်း လုံလောက်မှုမရှိခြင်းနှင့် အတိုးနှုန်းမြင့်မားခြင်း၊ ရာသီအလိုက် တိရစ္ဆာန်ကူးစက်ရောဂါများဖြစ်ပွားခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အားနည်း၍ ရွာသူရွာသားများ အမြင်မကျယ်ခြင်းနှင့် နည်းပညာဖြန့်ဝေသူမရှိခြင်းကြောင့် နည်းပညာအားနည်းခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၃) စိုက်ပျိုး မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | - |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | ၂ | ၁၂ | - | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | - | - | နိမ့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၀ | - | - | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | - | - | - | - |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | - | - | - | - |
| ၁၃ | ပညာရေး | - | ၂ | - | လတ် |
| ၁၄ | ကျန်းမာရေး | - | ၁ | - | လတ် |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သောလုပ်ငန်းများ | - | - | - | - |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူများ(ဥပမာ - UN, INGOs, Companies. etc.,) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | **၁၃** | **၁၅** | - | - |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် ဆောက်လုပ်ရေးကျွမ်းကျင်သူ နည်းပါးသဖြင့် လုပ်ကိုင်သူများ ခြင်းကြောင့် ဝင်ငွေလျော့နည်းပါသည်။ ယာဉ်နှင့် စက်ကရိယာများ ထိတွေ့မှုနည်းပါးသဖြင့် ပြင်ဆင်နိုင်ခြင်း မရှိခြင်းတို့ကို တွေ့ရသည်။ အိမ်ရှိဝမ်းစာဖူလုံရေး အတွက်ကြောင့် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းသူများလည်း ရှိပါသည်။ ကျေးရွာတွင် ဘွဲ့ရနှင့် ပညာရေးထူးချွန်သူများ အလွန်နည်းပါးသဖြင့် ဝန်ထမ်းအရေအတွက် နည်းပါး ခြင်းကို တွေ့ရပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသော်လည်း အုပ်စုပိုင် ဆရာမလေး များနှင့်သာ ပြသရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဈေးရောင်းခြင်း | တိုက်ကြီးဈေးနှင့် အနီးတွင်ရှိသဖြင့် သွားလာဝယ်ယူရန် လွယ်ကူခြင်း |
| ဆိုင်ကယ် ကယ်ရီ | ခေါင်းရွက်အိမ်ဆိုင် ဈေးသည်များ၊ ရွာသားများ သွားလာရန်လွယ်ကူခြင်း |
| အထည်ချုပ်စက်ရုံ | လူသန့်အင်းအထည်ချုပ်စက်ရုံတွင် လွယ်ကူစွာ ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် လုပ်သားပေါများခြင်းကြောင့် စိုက်ပျိုးရေး မဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အချို့သော သူများသည် အိမ်ဆိုင်နှင့် ခေါင်းရွက်ဗျက်ထိုး ဈေး ရောင်းချခြင်း၊ အများသူငါ သွားလာရာ ဆိုင်ကယ်၊ ကယ်ရီဆွဲခြင်းနှင့် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက် လုပ်ကိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဈေးသည်များ | ရောင်းချရန် သင့်တော်သော်လည်း သွားလာရလမ်းပန်း အခက်အခဲရှိခြင်း |
| ကယ်ရီဆွဲသူများ | သွားလာသူရှိသော်လည်း မြေသားလမ်း ပျက်စီးခြင်းကြောင့် သွားလာရ ခက်ခဲခြင်း |
| စက်ရုံအလုပ်သမားများ | လုပ်ငန်းရ အဆင်ပြေသော်လည်း ညရေးညတာ သွားလာရေး ခက်ခဲခြင်း |
| | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် အိမ်ခြေနှင့် လူဦးရေအရ ဈေးရောင်းချရန် သင့်လျော်သော်လည်း လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ ငွေကြေးအရင်းအနှီး မပြည့်စုံခြင်းတို့ကြောင့် လုံလောက်စွာ ရောင်းချ နိုင်ခြင်းမရှိပါ။ ရွာသူရွာသားများနှင့် ဈေးရောင်းဝယ်သူများ သွားချင်သော်လည်း လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်းကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ကို တွေ့ရပါသည်။ အထည်ချုပ် စက်ရုံများတွင်

အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်နိုင်သော်လည်း ညအခါတွင် သွားလာရခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိသဖြင့် ချက်ရေးပြုတ်ရေးနှင့် အိမ်တွင်းမှုလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အခက်အခဲများခြင်း၊ အဝတ်အထည်များကို မီးပူတိုက်ခြင်းဖြင့် အခက်နှင့် ကြုံတွေ့နေရပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| စဉ် | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သား တစ်ဦးအနည်းဆုံးရှိသော အိမ်ထောင်စု | ၁၈ | ၁၈ | ၉ | ၂၇ | ၈ | ၂ | ၁၀ | ၁၀ | ၇ | ၁၇ |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သော ကျေးရွာရှိလူဦးရေ | | | | | | | | | | |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | - | - | - | ၃ | - | ၃ | - | - | - |
| | ၆ လ အထိ | - | - | - | - | ၃ | - | ၃ | - | - | - |
| | ၁၂ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထက် | - | - | - | - | ၂ | ၂ | ၄ | ၁၀ | ၇ | ၁၇ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုး မွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ရွှေ့ပြောင်းလုပ်သား တစ်ဦးအနည်းဆုံးရှိသော အိမ်ထောင်စု အရေအတွက်မှာ (၁၈)စုရှိပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်သော လူဦးရေမှာ ပြည်တွင်း၌ ကျား(၈)ဦးနှင့် မ(၂)ဦး စုစုပေါင်း(၁၀)ဦး ရှိပါသည်။ (၃)လနှင့် (၆)လအထိ လုပ်ကိုင်သူ ပြည်တွင်း၌ ကျား(၃)ဦး ရှိပါသည်။ (၁၂)လအထက် လုပ်ကိုင်သူ ပြည်တွင်း၌ ကျား(၂)ဦး၊ မ(၂)ဦး စုစုပေါင်း(၄)ဦးရှိပါသည်။ (၁၂)လအထက် ပြည်ပတွင် သွားရောက်လုပ်ကိုင်သူ ကျား(၁၀) ဦး၊ မ(၇)ဦး စုစုပေါင်း (၁၇)ဦး သွားရောက်လုပ်ကိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၂၇ ဦး |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူ လူဦးရေ(၂၇)ဦးရှိပါသည်။ အလုပ်အကိုင် ရှားပါးခြင်းနှင့် ဝင်ငွေ မမှန်ခြင်းကြောင့် ပြင်ပသို့သွားရောက်၍ မိသားစုစားဝတ်နေရေး ဖူလုံရန်အတွက် သွားရောက်လုပ်ကိုင်သည်ကို

လေ့လာတွေ့ရှိရပါသည်။

### (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစု ပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၁၈ | ၁၆.၃၆% | - | ✓ | - |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | - | - | - | - | - |
| | - ဘဏ် | - | - | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | ✓ | - | - | - | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | ✓ | - | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ လူကြုံဖြင့်လွှဲပို့ခြင်း | - | - | - | - | - |
| | - ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | - | - | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံ ဖြင့်လွှဲပို့ခြင်း | - | - | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူအိမ်ထောင်စုများမှ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု(၁၈)စုရှိပြီး ကျေးရွာအိမ်ထောင်စု၏ (၁၆.၃၆%)ရှိပါသည်။ သွားရောက်လုပ်ကိုင်သူများသည် ဘဏ်မှတဆင့် ငွေလွှဲပို့ခြင်း၊ လူကြုံဖြင့် ငွေလွှဲပို့ကြပြီး မိသားစုဝင်ငွေ ဖူလုံမှုမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | တိုက်ကြီးမြို့မဈေး (၅)မိုင် | ရန်ကုန်မြို့ (၆၅)မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်ဖြင့် သွားရသည်။ | မော်တော်ကားဖြင့် သွားရသည်။ |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှု ပေးနိုင်မှု | အမယ်စုံ | အမယ်စုံ |
| ဈေးအခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှု | ဈေးရုံ(၂၄)ရုံရှိပြီး၊ ဈေးဆိုင်ခန်း ပေါင်း (၉၈၇)ခန်းရှိ | အလွန်ကောင်းသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှု အခြေအနေမှာ အနီးဆုံးဈေး ဖြစ်သော တိုက်ကြီးမြို့မဈေး သို့သွားရန် (၅)မိုင် ကွာဝေးပါသည်။ ရန်ကုန်သို့ (၆၅)မိုင် ကွာဝေးပါသည်။ တိုက်

ကြီးမြို့သို့ ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်ဖြင့် သွားလာရပါသည်။ ရန်ကုန်သို့ ကားဖြင့်သွားရပါသည်။ သို့သော် ချဉ်းကပ်လမ်းမှာ မြေသားလမ်းဖြစ်သဖြင့် ကုန်ထုတ်ချိန်တွင် အခက်အခဲများ ရှိပါသည်။ ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်မှုမှာ အမယ်စုံ ရရှိပါသည်။ တိုက်ကြီးမြို့မဈေးမှာ ဈေးရုံ(၂၄)ရုံနှင့် ဈေးဆိုင်ခန်းပေါင်း (၉၈၇)ခန်း ရှိပါသည်။ ဈေးမှာ အလွန်ဝန်ဆောင်မှု ကောင်းသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၅) ငွေကြေး လက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေး လက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်) | အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်) | (၆)လ | (၀.၆၇)ပြား | မလို | ပုံစံ(၇)ပြနိုင်မှသာ ရရှိသည်။ |
| ပုဂ္ဂလိကဘဏ် | - | - | - | - | - |
| ပုဂ္ဂလိက၊ အသေးစား၊ ချေးငွေဝန်ဆောင်မှုကဏ္ဍ | - | - | - | - | - |
| အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ် | - | - | - | - | - |
| ငွေချေးပေးသူ | - | - | - | - | - |
| အပေါင်ဆိုင် | ပစ္စည်းပေါင် | (၅)လ | (၃)ကျပ် | လိုအပ်မှုရှိ | - |
| မိတ်ဆွေနှင့် ဆွေမျိုးများ | - | - | - | - | - |
| အခြား | - | - | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇)ပြနိုင်မှသာ (၀.၆၇)ပြား တိုးဖြင့် (၆)လတစ်ကြိမ် ချေးငွေရရှိပါသည်။ စိုက်ပျိုးချိန်အတွင်းမှ အချိန်မီ ထုတ်ပေးခြင်းမရှိသဖြင့် ငွေတိုးပေးသူများထံမှ အတိုးကြီးစွာဖြင့် ချေးယူစိုက်ပျိုးရခြင်းနှင့် ဓါတ်မြေသြဇာ ဝယ်ယူအသုံးပြုရာတွင်လည်း အတိုးနှုန်းကြီးစွာဖြင့် ချေးယူရခြင်းကြောင့် အမြတ်ဝင်ငွေ နည်းပါးလာသဖြင့် လယ်သမားများ ဆင်းရဲမှုနည်းပါးလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် | ဓါတုဆေးဝါး အလွန်အကျွံသုံးစွဲခြင်း |
| အပင်မျိုးစိတ်များ | လတ် | မျိုးကောင်းမျိုးသန့်များ အလွယ်တကူ မရရှိနိုင်ခြင်း |
| ဖျက်ပိုးနှင့် ရောဂါကာကွယ် | မြင့် | ဓါတုဆေးဝါးများနှင့် ကာကွယ်နှိမ်နင်း |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ထိန်းချုပ်မှု | | ရာတွင် ထိရောက်မှုမရှိခြင်း |
| ရေရင်းမြစ် | လတ် | နွေရာသီတွင် ရေလုံလောက်မှု မရှိခြင်း |
| ငါးမျိုးကွဲများ | လတ် | ဘတ္ထရီလျှော့တိုက်ခြင်း၊ ဆေးချခြင်း |
| အခြားတိရစ္ဆာန်မျိုးကွဲများ | လတ် | ကြွက်များ ပေါများခြင်းကြောင့် သီးနှံများ ဖျက်ဆီးခြင်း |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | စနစ်တကျ မစွန့်ပစ်ခြင်း၊ စည်းကမ်းမဲ့ လယ်ထဲသို့ ပစ်ခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင်ရှိသော ကောက်ပဲသီးနှံများ စိုက်ပျိုးရာ၌ အထွက်နှုန်း လျော့နည်းကြောင်းကိုတွေ့ရှိရပါသည်။ ယခင်နှစ်စဉ်ကာလတွင်း လယ်၏ထွန်ယက်မှုနှင့် မြေဆီလွှာ၊ မြေသြဇာများ ကျွေးမွေးခြင်းဖြင့် လယ်မြေရှိ သီးနှံများ အသင့်အားလျော်စွာ ထွက်ရှိလျှက်ရှိပါသည်။ ထွန်းကားလျှက်ရှိသော ယခုကာလအတွင်းတွင် ဓါတုဗေဒ ဆေးဝါးပစ္စည်းများ ထွန်းကားပေါ်ပေါက်လာခြင်းကြောင့် လူတို့၏ ကုန်ကျစရိတ်သက်သာမှုမှအပ မြေဆီလွှာများ ပျက်စီးမှုနှင့် ရောဂါပိုးမွှားများ ပိုမိုကျရောက်သည်ကိုလည်း တွေ့ရပါသည်။ မိုးစပါးတွင် မိုးရေလုံလောက်မှု ရသော်လည်း ရေကြီးနစ်မြုပ်ခြင်းကြောင့် အပင်ကြီးများ သေကြေပျက်စီးပြီး အပင်ငယ်များ ပေါက်ရောက်သော်လည်း ရေလိုအပ်မှုရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၅ | ၈ | ၁၃ | ၃.၈၉% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၇ | ၂၁ | ၂၈ | ၈.၃၈% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၄၅ | ၅၅ | ၁၀၀ | ၂၉.၄၀% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၇၆ | ၇၁ | ၁၄၇ | ၄၄.၀၁% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၂ | ၁၅ | ၃၇ | ၁၁.၀၇% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁ | ၃ | ၄ | ၁.၁၉% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၂ | ၃ | ၅ | ၁.၄၉% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၁၅၈** | **၁၇၆** | **၃၃၄** | **၉၉.၄၃%** |

ရင်းမြစ် …အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ပညာရေးတတ်မြောက်မှု အမျိုးမျိုးရှိပါသည်။ အချို့သော အိမ်ထောင်စုတွင်မိဘ၏ ပညာရေးစိတ်ပါဝင်စားမှု နည်းခြင်းနှင့် သားသမီးများ၏ စိတ်အလိုလိုက်မှုကြောင့်လည်း ပညာရေးတတ်မြောက်မှု နည်းပါးခြင်းနှင့် စာမတတ်ခြင်းတို့ကို တွေ့ရပါသည်။ အချို့အိမ်ထောင်စုများမှာလည်း စားဝတ်နေရေးခက်ခဲစွာ ရုန်းကန်နေရခြင်းကြောင့် ပညာရေးကို ပြီးမြောက်အောင် မသင်ယူနိုင်ခြင်းကိုလည်း တွေ့ရပါသည်။ စားဝတ်နေရေး ပြည့်စုံမှုရှိသော အိမ်ထောင်စုများမှာလည်း ပညာရေးပြီးမြောက် အောင်မြင်ခြင်းကိုလည်းတွေ့ရပါသည်။ များသောအားဖြင့် ကျေးရွာတိုင်းတွင် နေထိုင်သော ကျေးရွာသူ၊ သားများ ဝမ်းစာဖူလုံမှုနည်းခြင်း၊ စိတ်ပါဝင်စားမှု အားနည်းခြင်းတို့ကြောင့် ကလေးများ၏ ပညာရေး စာတတ်မြောက်မှု အားနည်း

ခြင်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း (၅-၉နှစ်) | ၂၂ | ၂၅ | ၄၇ | ၁၁၄% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၈ | ၂ | ၁၀ | ၂၄.၃% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၃ | ၁ | ၄ | - |
| တက္ကသိုလ် ကျောင်းသား၊ သူ | - | ၁ | ၁ | - |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် မူလတန်း(၅-၉)နှစ်အထိ လူဦးရေ ကျား(၂၂)ဦး၊ မ(၂၅)ဦး ပေါင်း (၄၇)ဦးရှိပြီး (၁၁၄%) ကျောင်းနေကြသည်။ အလယ်တန်း(၁၀-၁၄)နှစ် ကျား(၈)ဦး၊ မ(၂)ဦး ပေါင်း(၁၀)ဦးရှိပြီး(၂၄.၃%)သာ ကျောင်းနေနိုင်သည်။ အထက်တန်းတွင် ကျား(၃)ဦး၊ မ(၁)ဦး ပေါင်း(၄)ဦးသာ ကျောင်းနေနိုင်ပါသည်။ တက္ကသိုလ်ကျောင်းသား/သူများတွင် မ(၁)ဦးသာ ရှိပါသည်။ ဆင်းရဲနွမ်းပါးသူများသဖြင့် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းတက်သူ အရေအတွက်မှာ အလွန်နည်းပါး လျှက်ရှိသည်။ ကျောင်းသွားရာတွင်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲစွာသွားလာမှုနှင့် ငွေရေးကြေးရေးများ ပြည့်စုံမှုမရှိဘဲ ပညာသင်ကြားနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">မူလတန်းကျောင်း</th><th colspan="3"></th></tr>
<tr><td>ရွာမှအကွာအဝေး(မိုင်)</td><td colspan="3">ကျေးရွာအတွင်း</td><td colspan="3"></td></tr>
<tr><td>သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင်</td><td colspan="3"></td></tr>
<tr><td>စာသင်ကျောင်းအရွယ်အစား<br>(အလျား၊ အနံ၊ အမြင့်)</td><td colspan="3">အလျား(၆၀')၊ အနံ(၁၂')၊<br>အမြင့်(၃၀')</td><td colspan="3"></td></tr>
<tr><td>အမိုး၊ နံရံ၊ အခင်း အရည်အသွေး</td><td colspan="3">သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ကောင်း</td><td colspan="3"></td></tr>
<tr><td>ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/ မရှိ)နှင့် ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">မရှိပါ။ မကောင်းပါ။</td><td colspan="3"></td></tr>
<tr><td>ကျောင်းအာဟာရ တိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)</td><td colspan="3">မရှိပါ။</td><td colspan="3"></td></tr>
<tr><td>ကျောင်းဆရာဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>၁</td><td>၄</td><td>၅</td><td>-</td><td>-</td><td>-</td></tr>
<tr><td>ကျေးရွာခန့်</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td></tr>
</table>

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် စာသင်ကျောင်းမှာ ကျေးရွာအတွင်းတွင် တည်ရှိပါသည်။ ကျောင်းသို့ ခြေလျင်ဖြင့် သွားလာရပြီး မိုးတွင်းအခါတွင် မြေသားလမ်းဖြစ်သောကြောင့် လမ်းများပျက်စီးနေ၍ ကျောင်းသူ/သား၊ ဆရာ/မများ သွားလာရန် အခက်အခဲကြုံတွေ့ရပါသည်။ လျှပ်စစ်မီးမရှိသဖြင့် ဖယောင်းတိုင်မီးဖြင့် စာကျက်ရသောကြောင့် အချိန်ပြည့်စာကျက်ခြင်းများ မပြုနိုင်ခြင်းကို တွေ့ရသည်။ ဆင်းရဲနွမ်းပါးသဖြင့် ကျောင်းသုံးစာအုပ်နှင့် အထောက်အပံ့ပစ္စည်းများ လုံလောက်မှုမရှိခြင်းကို တွေ့ရသည်။ ကျောင်းဆောင်အရွယ်အစားမှာ အလျား(၆၀)ပေ၊ အနံ(၁၂)ပေ၊ အမြင့်(၃၀)ပေရှိပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာကို နိုင်ငံတော်မှ တည်ဆောက်ပေးသော်လည်း ပြိုကျပျက်စီးခြင်းတို့ကြောင့် ဆရာ၊ မများနှင့် ကျောင်းသူ၊ ကျောင်းသားများ အခက်အခဲရှိနေသည်ကို တွေ့ရပါသည်။ ကျောင်းဆရာ(၁)ဦး၊ ဆရာမ(၄)ဦး စုစုပေါင်း(၅)ဦးကို အစိုးရမှခန့်ထားသဖြင့် ဆရာ၊ ဆရာမအင်အား လုံလောက်မှုရှိပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၇.၄) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | (၅) ဦး |
| တပည့် - ဆရာ အချိုး | လုံလောက်မှု ရှိပါသည်။ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိပါ။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိပါ။ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | စာရေးကိရိယာ လုံလောက်မှု မရှိပါ။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | ကျောင်းဝင်ကြေးကို အစိုးရမှ အခမဲ့ရရှိသော်လည်းရေး မိသားစု စားဝတ်နေရေးကြောင့် ကျောင်းစရိတ် မတတ်နိုင်ပါ။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | လက်လှမ်းမမီပါ။ |
| မိဘဆရာအသင်း၏ အခန်းကဏ္ဍ | ပူးပေါင်းဆောင်ရွက်မှု ကောင်းပါသည်။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာရှိ စာသင်ကျောင်း၊ ပညာရေး၊ အခက်အခဲနှင့် ပြဿနာများမှာ ဆရာ၊ ဆရာမ(၅)ယောက် ရှိပါသည်။ တပည့်/ဆရာအချိုးမှာ လုံလောက်မှုရှိပါသည်။ မူလတန်းပညာ ကျောင်းထွက်နှုန်း၊ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာမှာ တစ်နှစ်ပတ်လုံးအတွက် မလုံလောက်ပါ။ ဆင်းရဲသောမိသားစုများအတွက် ကျောင်းဝင်ကြေးအခက်အခဲ မရှိပေမဲ့မိသားစုစားဝတ်နေရေးကြောင့် ကျောင်းစရိတ် မတတ်နိုင်ကြပါ။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု မရှိပါ။ ကျောင်းတွင် နှစ်စဉ်ဆုပေးပွဲများ ကျင်းပခြင်းကိုလည်း တွေ့ရပါသည်။ ကျေးရွာရှိ မိဘဆရာအသင်းမှာ အခန်းကဏ္ဍမှာ အလွန်ကောင်းမွန်ကြောင်း တွေ့ရပါသည်။ ကျောင်းဝန်းအတွင်း သစ်ပင်များ အုံ့ဆိုင်းခြင်း၊ ခြုံနွယ်များရှိခြင်းတို့ကြောင့် နေ့အခါတွင် ကျောင်းသား/သူများ ကလေးငယ်များ ခြင်ကျားများ ကိုက်ခံရသဖြင့် သွေးလွန်တုပ်ကွေးရောဂါ မြင့်တက်နေခြင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

### (၂.၈) ကျန်းမာရေးနှင့်အာဟာရ

### (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | - | ✓ | - | ယင်လုံအိမ်သာ သုံးစွဲခြင်း |
| ၂ | သွေးလွန်တုပ်ကွေး | ✓ | - | - | ခြင်ကိုက်ခံရမှုရှိခြင်း |
| ၃ | ငှက်ဖျား | - | ✓ | - | တောတောင်တက်သူ နည်းပါးခြင်း |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | - | - | ✓ | မရှိပါ။ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | - | - | ✓ | မရှိပါ။ |
| ၆ | တီဘီ | - | ✓ | - | ကျန်းမာရေးဗဟုသုတရှိခြင်း |
| ၇ | ဆီးချို | - | ✓ | - | ကျန်းမာရေးဗဟုသုတရှိခြင်း |
| ၈ | သွေးတိုး | ✓ | - | - | အငန်အလွန်စားသုံးခြင်း |
| ၉ | အသည်းရောဂါ (ဘီ၊ စီ) | - | - | ✓ | ကျန်းမာရေးဗဟုသုတရှိခြင်း |
| ၁၀ | အာဟာရ ချို့တဲ့မှု | - | ✓ | - | စားဝတ်နေရေးအခက်အခဲကြောင့် |
| ၁၀ | အခြားကူးစက်နိုင်သော ရောဂါများ | - | - | ✓ | မဖြစ်ပွားပါ။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာ၏ကျန်းမာရေး အခြေအနေတွင် ဖြစ်ပွားသော ရောဂါများမှာ ကျန်းမာရေး ဗဟုသုတနည်း၍ ဝမ်းပျက်၊ ဝမ်းလျှောမှု အနည်းငယ်ဖြစ်ပြီး ရေအိုင်၊ ချုံနွယ်များပေါများခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမြင့်ပါသည်။ ငှက်ဖျားရောဂါမှာ တောတောင် တွင်သွားရောက်လုပ်ကိုင်သူများ မရှိပါ။ ကျန်းမာရေးဗဟုသုတ ရှိသောကြောင့် တီဗွီရောဂါဖြစ်ပွားမှုမှာ နိမ့်ကျပါသည်။ သွေးတိုးရောဂါဖြစ်ပွားမှု ကျေးရွာတွင် မြင့်တက်နေပါသည်။ အာဟာရချို့တဲ့ရောဂါနှင့် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ မိမိတို့၏ အိမ်ခြံဝန်းအတွင်း ချုံများ၊ မြောင်းများကို ခုတ်ထွင်ရှင်းလင်းပေးခြင်းဖြင့် အနာရောဂါများ အသင့်အတင့်ရှိကြောင်းကို တွေ့ရှိရပါသည်။ နိုင်ငံတော်၏ ဆေးဝါးများ ကူညီထောက်ပံ့မှုများ၊ ဆေးဝါးများ၏ အာနိသင်ကောင်းများနှင့် လူတို့၏ အစားအသောက် ဆင်ခြင်စားသုံးခြင်းကြောင့်လည်း အနာရောဂါနှင့် ကူးစက်မှုရောဂါ နိမ့်ပါးဖြစ်ပွားခြင်း ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့်ဆိုင်သော အသိပညာ ဗဟုသုတများ သင်တန်းပေးပါ က ကျန်းမာရေး အခြေအနေ ယခုထက်ပိုမို ကောင်းမွန်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | - | ✓ | မဖြစ်ပွားပါ။ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | - | ကျန်းမာရေးဌာနမှ ၁ နှစ်လျှင် ၁ ကြိမ် စီမံချက်ဖြင့် ဆေးထိုးခြင်း။ |
| ၃ | ပိုလီယိုရောဂါ | ✓ | - | ကျန်းမာရေးဌာနမှ ၁ နှစ်လျှင် ၁ ကြိမ် စီမံချက်ဖြင့် ဆေးထိုးခြင်း။ |
| ၄ | မေးခိုင် | ✓ | - | ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များအတွက် |

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| | (ကိုယ်ဝန်ဆောင်ကာလအတွင်း) | | | လိုအပ်သောကာကွယ်ဆေးများ စီမံချက်ဖြင့် ထိုးပေးသည်။ |
| ၅ | ဝက်သက်ရောဂါ | - | ✓ | ကျန်းမာရေးဌာနမှ လအလိုက်စီမံချက်ဖြင့် ဆေးထိုးခြင်း။ |
| ၆ | အခြားစုပေါင်းကာကွယ် ဆေးထိုးနှံမှု | - | ✓ | တစ်နှစ် တစ်ကြိမ် |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | - | စာသင်ကျောင်းများတွင် လာရောက် မှတ်တမ်းယူပါသည်။ |
| ၈ | အာဟာရပညာပေး အစီအစဉ် | - | ✓ | ကျန်းမာရေးဌာနမှ ဆောင်ရွက်ပေးပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဝန်ထမ်းများမှ ကိုယ်ဝန်ဆောင်နှင့် ကလေးများကာကွယ်ဆေးထိုးပေးခြင်း၊ အာဟာရမှတ်တမ်းယူခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက် ပေးပါသည်။

### (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှု ရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ(လုံလောက် မှု/မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | (၃)မိုင် | ရှိ | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -(၁)<br>အရံသားဖွားဆရာမ-(၁)<br>ကြီးကြပ် (၁) -<br>ကြီးကြပ် (၂) -<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | လုံလောက်မှု ရှိပါသည်။ | |
| တိုက်နယ် ဆေးရုံ | - | - | ဆရာဝန် - (၁)ဦး<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု - (၃)ဦး<br>သားဖွားဆရာမ - (၅)ဦး<br>အရံသားဖွားဆရာမ-(၇)ဦး<br>ဓာတ်ခွဲကျွမ်းကျင်- | - | |
| မြို့နယ်ဆေးရုံ | (၅)မိုင် | ရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု - | လုံလောက်မှု ရှိပါသည်။ | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှု ရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ(လုံလောက် မှု/မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | (၅)မိုင် | - | ဆေးဝါးကျွမ်းကျင်သူ | လက်လုမ်းမှီမှု--<br>ဆေးဝါး--<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက် ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာနှင့် (၅)မိုင်အကွာတွင် တိုက်ကြီးမြို့နယ်ဆေးရုံ ရှိပါသည်။ ကျေးရွာသည် ရန်ကုန်-ပြည်ကားလမ်းမနှင့် (၂)မိုင် အကွာတွင်ရှိပြီး ချဉ်းကပ်လမ်းမှာ မြေသားလမ်းဖြစ်သဖြင့် ကျန်းမာရေး မကောင်းသူများ အနေဖြင့် သွားလာရန်ခက်ခဲ၍ အချိန်မီ ဆေးရုံသို့ပို့ဆောင်နိုင်မှု မရှိခြင်း၊ ညရေးညတာ သွားလာရေးမှာ ခက်ခဲ၍ အချိန်ဆွဲထားရခြင်းကို တွေ့ရပါသည်။ ကျန်းမာရေး မကောင်းသောအခါ တိုက်ကြီးမြို့နယ်ဆေးရုံနှင့် ဆေးခန်းများကိုသာ သွားရောက်၍ ဆေးကုသမှုခံယူကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | - | - | - | - | - | - |
| အဝီစိတွင်း/စက်တပ် | ၁၀ | ကောင်း | ✓ | ✓ | ✓ | - |
| အဝီစိတွင်း/တုံကင် | ၄၅ | ကောင်း | ✓ | ✓ | ✓ | - |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | - |
| မြစ်/ချောင်း | - | - | - | - | - | - |
| ရေကန် | ၁ | ကောင်း | ✓ | ✓ | ✓ | - |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | - | - | - | - | - |
| အခြား | - | - | - | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ အဝီစိစက်တပ်တွင်း (၁၀)တွင်း၊ လက်နှိပ် တုံကင်(၄၅)တွင်းရှိပြီး နွေမိုးဆောင်း အသုံးပြုနိုင်ပါသည်။ ရေကန်(၁)ကန်ရှိပြီး နွေမိုးဆောင်း အသုံးပြုနိုင် ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၉.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၆၁ အိမ် | ယင်လုံအိမ်သာဆောက်လုပ်ပြီး သန့်ရှင်းစွာ အသုံးပြုကြပါသည်။ |
| ကျင်းအိမ်သာ | ၈ အိမ် | ငွေကြေး မတတ်နိုင်သဖြင့် ကျင်းအိမ်သာ ဆောက်လုပ်သုံးစွဲကြပါသည်။ |
| မြေပေါ် အိမ်သာ | - | - |
| တောထိုင် | - | - |
| **စုစုပေါင်း** | **၆၉ အိမ်** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ကျန်းမာရေးဗဟုသုတရှိသောကြောင့် အိမ်ထောင်စုပေါင်း(၆၉)စု ရှိပြီး ယင်လုံအိမ်သာ အသုံးပြုကြ၍ ကူးစက်ရောဂါများနည်းပါးပြီး ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါသည်။ ငွေကြေးမတတ်နိုင်သဖြင့် ကျင်းအိမ်သာ အနည်းငယ် သုံးစွဲသူများလည်း ရှိပါသည်။ အများစုမှာ ယင်လုံအိမ်သာ(၁)လုံးတွင် အိမ်ထောင်စု(၂)စုပေါင်း၍ သုံးစွဲကြသူများလည်း ရှိပါသည်။ ယင်လုံအိမ်သာ သုံးစွဲသူများအနေဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၁၀) ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

| စဉ် | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | - | ✓ | အားနည်းပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ✓ | - | အလှူအတန်း၊ သာရေးနာရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြပါသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | - | ✓ | သံသယဖြစ်ဖွယ် အကြမ်းဖက်မှု မဖြစ်အောင် ဆင်ခြင်ကြပါသည်။ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | - | ✓ | လေ့လာဖတ်ရှုမှု အားနည်းခြင်း |
| ၅ | အခြား (ရှိလျှင်) | - | - | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီး

ရေးရာ အကြမ်းဖက်မှုများမခံရအောင် အသွားအလာအနေအထိုင် ဆင်ခြင်နေထိုင်ကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများအတွက် တရားဥပဒေနှင့် တရားမျှတမှုဆိုင်ရာ အသိအမြင်များ အားနည်းကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (၂.၁၁) အခြေခံအဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း/ ဆိုး | တည် ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | - | - | ✓ | (၁)မိုင် |
| ချဉ်းကပ်လမ်း | ၁ | ဆိုး | - | - | ✓ | (၁)မိုင်ခွဲ |
| ရွာချင်းဆက်လမ်း | ၁ | ဆိုး | - | - | ✓ | (၂)မိုင် |
| အခြား | - | - | - | - | - | - |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာသည် ရန်ကုန်-ပြည်ကားလမ်းမနှင့် (၂)မိုင်အကွာအဝေးတွင် တည်ရှိပါသည်။ စီးပွားရေး ဝင်ငွေရလုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးစက်ရုံနှင့် အခြားဝင်ငွေရလုပ်ငန်းများစွာအတွက် ကုန်ထုတ်လမ်းနှင့် သွားလာရေးမှာ မြေသားလမ်းဖြစ်ပြီး နွေစပါး၊ မိုးစပါးလမ်းဘေး ဝဲယာတွင် စိုက်ပျိုးခြင်းကြောင့် လမ်းမှာ ရေဝပ်၍ ဗွက်ပေါက်ခြင်းကြောင့် သွားရေးလာရေး အလွန်အခက်အခဲ ရှိနေသည်ကိုတွေ့ရပါသည်။ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများမှာလည်း ပညာရေးအတွက် သွားလာရေး လွန်စွာအခက်တွေ့နေသည်ကို တွေ့ရှိရပါသည်။ ရွာတွင်းလမ်းများမှာလည်း မြေသားလမ်းဖြစ်သဖြင့် ရွာသူရွာသားများနှင့် ကျောင်းသူ၊ ကျောင်းသားများ ဆရာ/ဆရာမများ မိုးတွင်းအခါ ဗွက်ပေါက်သဖြင့် အလွန်အခက်အခဲတွေ့နေရသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတားအမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | - | - | - | - | - |
| ကွန်ကရစ်တံတား | ၁၂'×၅' | ဆိုး | ၂၀၀၁ | - | ✓ |
| ကြိုးတံတား | - | - | - | - | - |
| ရေပြွန် | - | - | - | - | - |
| အခြား(သစ်သား) | - | - | - | - | - |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် တံတားတည်ရှိမှုမှာ ချဉ်းကပ်လမ်းတွင် ကွန်ကရစ်တံတား(၄)စင်း တည်ဆောက်ထားသော်လည်း တံတားများမှာ နှစ်ပေါင်းကြာမြင့်သည်နှင့်အမျှ အချို့မှာ ပျက်စီးလာခြင်းကြောင့် ရေနုတ်မကောင်းခြင်းနှင့် သွားလာရေး အလွန်ခက်ခဲနေသည်ကို တွေ့ရပါသည်။ ထွက်ရှိသောသီးနှံများ ရောင်း

ချရန်အတွက် တံတားများ မကောင်းသဖြင့် ရေများမြေသားလမ်းပေါ်သို့ ကျော်ဆင်းနေခြင်းကြောင့် သယ်ယူပို့ဆောင်ရေး ယာဉ်များသွားလာရေး ခက်ခဲသည့်အပြင် အချိန်မီရောင်းဝယ်နိုင်မှု မရှိခြင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

### (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | - | - | - | - |
| အခြား | - | - | - | - |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ -လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးပြုမှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၁၁.၄) သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက် လှေ | လှေ၊ သမ္ဗာန် | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွား လှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၆၃ | ၃၄ | ၁ | - | - | ၃၀ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက် ။** ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး(၆၃)စီး၊ ဆိုင်ကယ်(၃၄)စီး၊ ထော်လာဂျီ(၁)စီး၊ နွားလှည်း(၃၀)စီး ရှိပါသည်။ ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်များမှာ ထွက်ကုန်ပစ္စည်းများ သယ်ဆောင်ရန် အသုံးပြုကြပါသည်။ ဆိုင်ကယ်၊ စက်ဘီးများအား သွားလာရေးအတွက် အသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲ ရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | - | - |
| ဆိုလာစနစ် | ၃၁ | သင့် | ရှိ |
| အသေးစား ရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | - | - | - |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | - | - | - |
| အခြား (ဘတ္ထရီ) | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာလုံးကျွတ် လျှပ်စစ်မီး မရရှိသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုစနစ် နိမ့်ကျနေခြင်းကြောင့် ရွာသူရွာသားများမှာ လျှပ်စစ်မီး ရရှိရန်အတွက် အလွန်ဆန္ဒရှိနေပါသည်။ လျှပ်စစ်မီး မရရှိသည့်အတွက် စိုက်ပျိုးရေးသုံး လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်များပျက်စီးသည့်အခါ၊ အခြားပစ္စည်းများ အပါအဝင် ပျက်စီးယိုယွင်းမှု မရှိပါက အခြားမီးရရှိသော ကျေးရွာသို့ သယ်ယူပို့ဆောင်ရန် အလွန်ခက်ခဲလှပါသည်။ လျှပ်စစ်မီးများ အခြေအနေကောင်းများ ရရှိခဲ့မည်ဆိုလျှင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေရ လုပ်ငန်းများကိုလည်း ဘက်စုံလုပ်ကိုင်၍ရသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၈၄ | ၂၈ | ၃၁ | ၃ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေမှာ ဖုန်း(၈၄)လုံး၊ ရေဒီယို (၂၈)လုံး၊ တီဗွီ(၃၁)လုံး၊ စလောင်း(၃)ခုရှိပြီး အသိပညာဗဟုသုတဖွံ့ဖြိုးမှုရှိပြီး၊ တယ်လီဖုန်း ဆက်သွယ်ရေးကောင်းမွန်သောကြောင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီပါသည်။ တီဗွီ၊ ရေဒီယိုတို့မှ ရာသီဥတုသတင်း၊ ပညာရေး၊ ကျန်းမာရေးအသိပညာများ လေ့လာရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု နည်းပါးခြင်း |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အားနည်းခြင်း |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | အားကစားကွင်းနှင့် ဆက်စပ်ပစ္စည်းများ မရှိ၍ လက်လှမ်းမမီခြင်း |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | စိတ်ပါဝင်စားမှု အားနည်းခြင်း |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းကြပါသည်။ |
| စာကြည့်တိုက်၊ အင်တာနက် စသည်များအား လက်လှမ်းမီမှု | စာကြည့်တိုက်မရှိပါ။ အင်တာနက် အသုံးပြုနိုင်မှု လက်လှမ်းမီပါသည်။ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာရှိ လူငယ်များမှာ စီးပွားရေးအရ နိမ့်ပါးသူများခြင်းနှင့် စည်းလုံးညီညွတ်မှု အားနည်းခြင်းတို့ကြောင့် လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေး၊ ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းရာတွင် လူငယ်များပါဝင်မှု အားနည်းခြင်း၊ ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် အပန်းဖြေစရာ မရှိခြင်းကြောင့် မြို့တက်မှသာ

လွှက်ရည်ဆိုင်၊ အအေးဆိုင်ထိုင်ခြင်းဖြင့် အပန်းဖြေနေရခြင်းကို တွေ့ရပါသည်။ ဆက်သွယ်ရေးအရ လက်ကိုင်ဖုန်းများကိုသာ အသုံးပြုလာခြင်းကြောင့် အင်တာနက်သုံးစွဲမှု လက်လှမ်းမီပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသည့်အတွက် အသိဉာဏ်ကြွယ်ဝမှု၊ ဗဟုသုတ ပြည့်စုံမှုမရှိခြင်းကို တွေ့ရပါသည်။

**(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု | ကျေးရွာအနီး(၂)မိုင်အကွာတွင် ဖုန်းတာဝါတိုင်ရှိ၍ လိုင်းကောင်းမွန်ပါသည်။ ဆက်သွယ်ရေးအဆင်ပြေပါသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မရှိပါ။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | (၅)မိုင်အကွာတွင် တိုက်ကြီးမြို့မ ရဲစခန်းနှင့် ရှိပါသည်။ |
| အခြား | မရှိပါ။ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာနေ ပြည်သူများအနေဖြင့် ကျေးရွာအနီး (၂)မိုင်အကွာတွင် ဖုန်းတာဝါတိုင်များရှိသောကြောင့် ဖုန်းလိုင်းကောင်းမွန်၍ ဆက်သွယ်ရေးအဆင်ပြေပါသည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် တစ်ဆက်တည်း ငွေချေးအဖွဲ့အစည်းများ၊ ချေးငွေအနည်းငယ် ချေးပေးနေခြင်း ရှိပါသည်။ လက်ကိုင်ဖုန်းများအသုံးပြုခြင်းနှင့် ဆိုင်ကယ်များ ကျေးရွာတွင် အသုံးပြုခြင်းကြောင့် တိုက်ကြီးမြို့ ရဲစခန်းများအား တိုင်ကြားရန် လွယ်ကူ လက်လှမ်းမီမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | ၂ | ၂ | ၂ | ၂ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် - ၁ ၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု မရှိသလောက် နည်းပါးခြင်းကို လေ့လာတွေ့ရှိရပါသည်။

## ဒိုက်ကံကျေးရွာအတွင်းရှိ လက်ရှိပညာသင်ယူနေသော ကျောင်းသားဦးရေစာရင်း

| စဉ် | အိမ်ထောင်ဦးစီးအမည် | မူလတန်း | | အလယ်တန်း | | အထက်တန်း | | တက္ကသိုလ် | | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | | |
| ၁ | ဦးသူရ | - | ၁ | ၁ | - | - | - | - | - | ၂ | |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | ဦးကျော်ဝင်း | - | - | ၁ | ၁ | - | - | - | - | ၂ | |
| ၃ | ဦးသိန်းနိုင် | ၂ | - | - | - | - | - | - | - | ၂ | |
| ၄ | ဦးကိုကိုနိုင် | - | ၂ | - | - | - | - | - | - | ၂ | |
| ၅ | ဦးမျိုးဇော် | ၁ | ၂ | - | - | - | - | - | - | ၃ | |
| ၆ | ဦးညိမ်းမောင် | ၂ | ၁ | - | - | - | - | - | - | ၃ | |
| ၇ | ဦးသန်းထွန်းဦး | - | - | - | - | ၁ | - | - | - | ၁ | |
| ၈ | ဦးလွန်းတင် | - | ၁ | ၁ | - | - | - | - | - | ၂ | |
| ၉ | ဦးသန်းဇော်လင်း | ၁ | - | - | - | - | - | - | - | ၁ | |
| ၁၀ | ဦးသန်းဇော်ဦး | - | ၁ | - | - | - | - | - | - | ၁ | |
| ၁၁ | ဦးနိုင်ဦး | - | ၁ | - | - | - | - | - | - | ၁ | |
| ၁၂ | ဦးအောင်အောင် | ၁ | ၁ | - | - | - | - | - | - | ၂ | |
| ၁၃ | ဦးအောင်ကြည်သောင်း | ၁ | - | - | - | - | ၁ | - | - | ၂ | |
| ၁၄ | ဦးခင်အောင် | ၁ | - | - | - | - | - | - | - | ၁ | |
| ၁၅ | ဦးလှမြိုင် | ၁ | - | - | - | - | - | - | - | ၁ | |
| ၁၆ | ဦးဇော်မင်းထိုက် | ၁ | - | - | - | - | - | - | - | ၁ | |
| ၁၇ | ဦးဟံသောင်း | ၂ | - | - | - | - | - | - | - | ၂ | |
| ၁၈ | ဒေါ်ခင်စိန် | ၁ | ၁ | - | - | - | - | - | - | ၂ | |
| ၁၉ | ဦးကျော်ဆန်း | - | ၁ | - | - | - | - | - | - | ၁ | |
| ၂၀ | ဦးမှုံကြီး | - | ၁ | - | - | - | - | - | - | ၁ | |
| ၂၁ | ဦးဝင်းကြိုင် | - | ၁ | - | - | - | - | - | - | ၁ | |
| ၂၂ | ဦးဇော်လင်း | - | ၁ | - | - | - | - | - | - | ၁ | |
| ၂၃ | ဦးအောင်ကြည်ညွန့် | - | ၁ | ၂ | - | - | - | - | - | ၃ | |
| ၂၄ | ဦးကိုကိုမင်း | - | ၁ | - | - | - | - | - | - | ၁ | |
| ၂၅ | ဦးဝင်းကြည် | - | - | ၁ | - | - | - | - | - | ၁ | |
| ၂၆ | ဦးမြင့်အောင်(၁) | ၁ | ၁ | - | - | - | - | - | - | ၂ | |
| ၂၇ | ဦးမြင့်အောင်(၂) | ၁ | - | - | - | - | - | - | - | ၁ | |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၂၈ | ဦးဝင်းဗိုလ် | ၁ | - | - | - | - | - | - | - | ၁ | |
| ၂၉ | ဦးထွန်းထွန်းဝင်း | - | ၁ | - | - | - | - | - | - | ၁ | |
| ၃၀ | ဦးညွန့်ဝင်း | - | ၁ | - | - | ၁ | - | - | - | ၂ | |
| ၃၁ | ဦးမြင့်နိုင် | - | ၁ | - | - | ၁ | - | - | - | ၂ | |
| ၃၂ | ဦးမြင့်ထွန်း | ၂ | - | - | - | - | - | - | - | ၂ | |
| ၃၃ | ဦးတင်စိုး | ၁ | - | - | - | - | - | - | - | ၁ | |
| ၃၄ | ဒေါ်ခေါက်ထီး | ၁ | - | ၁ | - | - | - | - | - | ၂ | |
| ၃၅ | ဦးအေးဝင်း | - | - | ၁ | - | - | - | - | - | ၁ | |
| ၃၆ | ဦးမြင့်သိန်း | - | - | - | ၁ | - | - | - | - | ၁ | |
| ၃၇ | ဦးကျော်ထွန်း | - | ၁ | - | - | - | - | - | - | ၁ | |
| ၃၈ | ဒေါ်စန်း | - | ၁ | - | - | - | - | - | - | ၁ | |
| ၃၉ | ဒေါ်ဝင်းမော် | ၁ | - | ၁ | - | - | - | - | - | ၂ | |
| ၄၀ | ဦးရွှေလုတ် | - | ၁ | - | - | - | - | - | - | ၁ | |

## ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ
## အိမ်ထောင်စုခနအဆင့် သတ်မှတ်ခြင်း

| စဉ် | အိမ်ထောင်ဦးစီးအမည် | အဆင့် | စဉ် | အိမ်ထောင်ဦးစီးအမည် | အဆင့် |
|---|---|---|---|---|---|
| ၁ | ဒေါ်ပန်းခင် | ၁ | ၃၁ | ဦးမောင်သောင်း | ၃ |
| ၂ | ဒေါ်သန်းဌေး | ၁ | ၃၂ | ဦးလှဖံ | ၃ |
| ၃ | ဦးမှုံကြီး | ၁ | ၃၃ | ဦးစိုးသောင်း | ၃ |
| ၄ | ဦးမြင့်နိုင် | ၁ | ၃၄ | ဦးကျော်ဇင် | ၃ |
| ၅ | ဦးစိုးမောင် | ၁ | ၃၅ | ဒေါ်အေးတင် | ၃ |
| ၆ | ဦးသန်းစိုး | ၁ | ၃၆ | ဒေါ်ကြည်ဝင်း | ၃ |
| ၇ | ဦးဝင်းတင် | ၁ | ၃၇ | ဦးမျိုးဇော် | ၃ |
| ၈ | ဦးတင်အေး | ၁ | ၃၈ | ဦးညိမ်းမောင် | ၃ |
| ၉ | ဦးဝင်းကြိုင် | ၁ | ၃၉ | ဦးသန်းထွန်းဦး | ၃ |
| ၁၀ | ဦးမြဝင်း | ၂ | ၄၀ | ဦးသိန်းနိုင် | ၃ |

| | | |
|---|---|---|
| ၁၁ | ဦးခင်အောင် | ၂ |
| ၁၂ | ဦးအောင်ကြည်သောင်း | ၂ |
| ၁၃ | ဦးဇော်လင်း | ၂ |
| ၁၄ | ဦးကြည်အေး | ၂ |
| ၁၅ | ဦးအောင်ကျော်ထူး | ၂ |
| ၁၆ | ဦးတင်စိုး | ၂ |
| ၁၇ | ဒေါ်သောင်းတင် | ၂ |
| ၁၈ | ဦးဝင်း | ၂ |
| ၁၉ | ဒေါ်အေးတင် | ၂ |
| ၂၀ | ဦးဇော်ဥကီး | ၂ |
| ၂၁ | ဦးကိုကိုမင်း | ၂ |
| ၂၂ | ဦးစိုးညွန့် | ၂ |
| ၂၃ | ဦးညွန့်ရွှေ | ၂ |
| ၂၄ | ဦးနိုင်ဦး | ၂ |
| ၂၅ | ဒေါ်သန်းစိန် | ၂ |
| ၂၆ | ဦးအောင်ကျော်စိုး | ၂ |
| ၂၇ | ဦးမြင့်ခိုင် | ၂ |
| ၂၈ | ဦးစိုးသီဟ | ၂ |
| ၂၉ | ဦးအုန်းမြင့် | ၂ |
| ၃၀ | ဒေါ်တင်ရီ | ၂ |

| | | |
|---|---|---|
| ၄၁ | ဦးကျော်ထွန်း | ၃ |
| ၄၂ | ဦးလှမြိုင် | ၃ |
| ၄၃ | ဦးဝင်းထွန်း | ၃ |
| ၄၄ | ဦးလှညွန့် | ၃ |
| ၄၅ | ဒေါ်တင်မြင့် | ၃ |
| ၄၆ | ဦးဇော်ဝင်း | ၃ |
| ၄၇ | ဦးညွန့်ဝင်း | ၃ |
| ၄၈ | ဦးဇင်မောင်လတ် | ၃ |
| ၄၉ | ဦးလှစိုး | ၃ |
| ၅၀ | ဦးမြင့်ထွန်း | ၃ |
| ၅၁ | ဦးအောင်ကြည်ညွန့် | ၃ |
| ၅၂ | ဦးကျော်မိုး | ၃ |
| ၅၃ | ဦးချစ်တိုင်းအောင် | ၃ |
| ၅၄ | ဦးကျော်စန်း | ၃ |
| ၅၅ | ဦးစံသောင်း | ၃ |
| ၅၆ | ဦးဟံသောင်း | ၃ |
| ၅၇ | ဦးထွန်းနိုင် | ၃ |
| ၅၈ | ဦးအေးဝင်း | ၃ |
| ၅၉ | ဦးကိုကိုနိုင် | ၃ |
| ၆၀ | ဒေါ်သောင်းရင် | ၃ |

## ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ
## အိမ်ထောင်စု ခနအဆင့် သတ်မှတ်ခြင်း

| စဉ် | အိမ်ထောင်ဦးစီးအမည် | အဆင့် |
|---|---|---|
| ၆၁ | ဦးနေလင်းအောင် | ၃ |
| ၆၂ | ဦးဝင်းနိုင် | ၃ |
| ၆၃ | ဦးသူရအောင် | ၃ |
| ၆၄ | ဒေါ်ရင်နွဲ့ | ၃ |
| ၆၅ | ဦးသိန်းထွန်း | ၃ |
| ၆၆ | ဦးမြင့်သူ | ၃ |

| စဉ် | အိမ်ထောင်ဦးစီးအမည် | အဆင့် |
|---|---|---|
| ၈၁ | ဦးမြင့်သိန်း | ၄ |
| ၈၂ | ဒေါ်စန်း | ၄ |
| ၈၃ | ဒေါ်တင်နု | ၄ |
| ၈၄ | ဒေါ်ခင်သန်း | ၄ |
| ၈၅ | ဒေါ်တင်တင် | ၄ |
| ၈၆ | ဒေါ်သန်းညွန့် | ၄ |

| | | | | | |
|---|---|---|---|---|---|
| ၆၇ | ဦးအောင်အောင် | ၃ | ၉၇ | ဒေါ်လှမြင့် | ၄ |
| ၆၈ | ဦးမင်းကိုကို | ၃ | ၉၈ | ဒေါ်မြငွေ | ၄ |
| ၆၉ | ဦးခင်မောင်သန်း | ၃ | ၉၉ | ဒေါ်ဝိုင်းမ | ၄ |
| ၇၀ | ဦးသန်းအောင် | ၃ | ၁၀၀ | ဒေါ်တင်အေး | ၄ |
| ၇၁ | ဦးဝင်းကြည် | ၃ | ၁၀၁ | ဒေါ်လှ | ၄ |
| ၇၂ | ဦးသန့်ဇော်ဌေး | ၃ | ၁၀၂ | ဒေါ်ကြည်ကြည် | ၄ |
| ၇၃ | ဦးလွန်းတင် | ၃ | ၁၀၃ | ဦးခင်ဇော် | ၄ |
| ၇၄ | ဦးသန့်ဇော်လင်း | ၃ | ၁၀၄ | ဒေါ်စန်းဝင်း | ၄ |
| ၇၅ | ဦးတင်နွယ်ဦး | ၃ | ၁၀၅ | ဒေါ်ဝင်းမော် | ၄ |
| ၇၆ | ဦးရွှေလုပ် | ၄ | ၁၀၆ | ဦးကိုကိုအောင် | ၄ |
| ၇၇ | ဒေါ်သန်းနွဲ့ | ၄ | ၁၀၇ | ဦးဝင်းခိုင် | ၄ |
| ၇၈ | ဒေါ်စိန်ကြည် | ၄ | ၁၀၈ | ဦးလွင်မိုး | ၄ |
| ၇၉ | ဦးဝင်းကို | ၄ | ၁၀၉ | ဒေါ်မြင့်မြင့်စန်း | ၄ |
| ၈၀ | ဦးထွန်းထွန်းဝင်း | ၄ | ၁၁၀ | ဒေါ်ထားတင် | ၄ |
| ၈၁ | ဦးမြင့်အောင်(၁) | ၄ | | | |
| ၈၂ | ဦးမြင့်အောင်(၂) | ၄ | | | |
| ၈၃ | ဦးစိုးမင်း | ၄ | | | |
| ၈၄ | ဦးဝင်းစိုး | ၄ | | | |
| ၈၅ | ဒေါ်ခင်စိန် | ၄ | | | |
| ၈၆ | ဦးစံသောင် | ၄ | | | |
| ၈၇ | ဦးဟံစိုးဦး | ၄ | | | |
| ၈၈ | ဦးဇော်မင်းထိုက် | ၄ | | | |
| ၈၉ | ဦးပေါက်စ | ၄ | | | |
| ၉၀ | ဦးဝင်းဇော် | ၄ | | | |

## ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**အခြေခံအဆောက်အဦ**

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်း | လုပ်ငန်းစီမံချက် |
|---|---|---|---|---|---|
| ကျေးရွာချင်းဆက်လမ်းများ ရွှံ့ထူဗွက်ပေါက်ခြင်း ရွာတွင်းလမ်းဗွက်ပါက်ခြင်း | မြေသားလမ်းဖြစ်ခြင်း၊ ချိုင့်ခွက်များဖြစ်၍ ရေဝပ်ခြင်း | ကျေးရွာသူရွာသားများ မြေသားလမ်းပြုပြင်ထားခြင်း၊ လမ်းကော်မတီဖွဲ့စည်းထားခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်မှုမရှိခြင်း၊ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများသဖြင့် ကွန်ကရစ်လမ်းခင်းရန် ငွေကြေးမတတ်နိုင်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ပြီး အစိုးရနှင့် အလှူရှင်များထံမှ ထောက်ပံ့မှုများရရှိအောင် ဆောင်ရွက်သွားမည်။ | ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းဖြစ်အောင် ဆောင်ရွက်သွားမည်။ |

## ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**လျှပ်စစ်မီးလင်းရေး**

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်း | လုပ်ငန်းစီမံချက် |
|---|---|---|---|---|---|
| ကျေးရွာလုံးကျွတ် လျှပ်စစ်မီးမရရှိခြင်း | ကျေးရွာတွင် ဆင်းရဲနွမ်းပါးအိမ်ထောင်စုအရေအတွက်များ၍ ကုန်ကျစရိတ်မတတ်နိုင်ခြင်း | ကျေးရွာနှင့် တစ်မိုင်ခွဲအကွာတွင်မဟာဓါတ်အားလိုင်းရှိခြင်း၊ မီးလင်းရေးကော်မတီဖွဲ့စည်းထားခြင်း | မြို့နယ်လျှပ်စစ်ရုံးနှင့် ချိတ်ဆက်မှုမရှိခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း | မြို့နယ်လျှပ်စစ်ဦးစီးဌာနရုံး ကျေးလက်ဦးစီးဌာနတို့နှင့် ချိတ်ဆက်ပြီး အစိုးရနှင့် အလှူရှင်များထံမှအထောက်အပံ့များရရှိအောင်ဆောင်ရွက်သွားမည်။ | ကျေးရွာလုံးကျွတ် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားမည်။ |

**စိုက်ပျိုးရေး**

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်း | လုပ်ငန်းစီမံချက် |
|---|---|---|---|---|---|
| စပါးနှင့်ပဲများအထွက်နှုန်းလျော့နည်းပြီး ဝင်ငွေနည်းပါးခြင်း၊ နွေစပါးတိုးချဲ့မစိုက်ပျိုးနိုင်ခြင်း၊ အချိန်မီစိုက်ပျိုးရိတ်သိမ်းနိုင်မှုမရှိခြင်း။ | မြစ်ရေကြီးခြင်း၊ ရောဂါနှင့်ဖျက်ပိုးများကျခြင်း၊ ဆည်ရေလုံလောက်မှုမရှိခြင်း၊ လယ်ယာသုံး စက်ကရိယာများမလုံလောက်ခြင်း။ | ကျေးရွာတွင် စိုက်ပျိုးမြေဧကအသင့်အတင့်ရှိခြင်း၊ နွေစပါးဧကတိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ ဆည်မြောင်းများ အရန်သင့်ရှိနေခြင်း။ | လယ်သမားများ နည်းပညာအားနည်းခြင်း၊ ဓါတ်မြေဩဇာဈေးနှုန်းမြင့်တက်ခြင်း၊ စက်ကိရိယာများ ဈေးနှုန်းကြီးပြီးဝယ်ယူမသုံးစွဲနိုင်ခြင်း ဆည်မြောင်းများကော၍ပျက်စီးခြင်း၊ ပြုပြင်ရန်အားနည်းခြင်း။ | ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်ပြီး နည်းပညာနှင့် ဆည်ရေရရှိရန် စက်ယန္တရားများအထောက်အပံ့များရရှိရန်စိုက်ပျိုးရေးရုံးနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | စိုက်ပျိုးရေးလုပ်ငန်း ဘက်စုံတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်သွားမည်။ |

## ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**မွေးမြူရေး**

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်း | လုပ်ငန်းစီမံချက် |
|---|---|---|---|---|---|
| ကြက်၊ ဝက်၊ နွား၊ နို့စားနွားဘဲများ တိုးချဲ့မွေးမြူနိုင်ရန် ခက်ခဲခြင်း | မျိုးကောင်းမျိုးသန့်နှင့် ရင်းနှီးငွေမတတ်နိုင်ခြင်း၊ ကာကွယ်ဆေးပုံမှန်မထိုးခြင်း တိမွေးကုဦးစီးဌာနများမှ ဝန်ထမ်းများ ကွင်းဆင်းလာရောက်မှု နည်းပါးခြင်း | မွေးမြူရေးအတွက်စားကျက်နှင့်အိမ်ခြံဝန်းနေရာများရှိခြင်း၊ အသားဈေးကွက်ကောင်းပြီး လက်လှမ်းမီခြင်း | မွေးမြူရေးဗဟုသုတနှင့် နည်းပညာ မျိုးကောင်းမျိုးသန့် ချေးငွေများရရှိရန် တိမွေးကုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှု မရှိခြင်း | ကျေးလက်ဦးစီးဌာနနှင့် တိမွေးကုဦးစီးဌာနနှင့် ချိတ်ဆက်ပြီး ဗဟုသုတနည်းပညာ ချေးငွေများရရှိအောင်ဆောင်ရွက်သွားမည်။ မျိုးကောင်းမျိုးသန့်များရရှိရန် ဆောင်ရွက်သွားမည်။ | မွေးမြူရေးလုပ်ငန်းတိုးချဲ့မွေးမြူနိုင်ရန် ဆောင်ရွက်သွားမည်။ |

**ကျန်းမာရေး**

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်း | လုပ်ငန်းစီမံချက် |
|---|---|---|---|---|---|
| အရေးပေါ်ကျန်းမာရေး အခက်အခဲရှိခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများဖြစ်ခြင်း | ကျေးရွာနှင့်အုပ်စုအတွင်း ကျေးလက်ဆေးပေးခန်းမရှိခြင်း၊ ကျန်းမာရေးဌာနမှ ဆေးများလာရောက်ပက်ဖျန်းမှုမရှိခြင်း၊ ယင်လုံအိမ်သာအိမ်တိုင်း အသုံးမပြုနိုင်ခြင်း၊ ဆေးရုံသို့ အချိန်မီ မရောက်ရှိနိုင်ခြင်း။ | ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ရန် မြေနေရာရရှိခြင်း | ကျေးရွာကျန်းမာရေးကော်မတီဖွဲ့စည်းမှုမရှိခြင်း၊ ရေကောင်းရေသန့် အရေးကြီးမှုအား ရွာသာများမသိရှိခြင်း၊ ယင်လုံအိမ်သာသုံးစွဲရန် အိမ်ထောင်စုတစ်ချို့ ငွေကြေးမတတ်နိုင်ခြင်း လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း | မြို့နယ်ကျန်းမာရေးဌာနသို့ တင်ပြဆောင်ရွက်ခြင်း ကျန်းမာရေးကော်မတီဖွဲ့စည်းခြင်း | ကျေးရွာတွင် ဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ဆောင်မှု ကောင်းမွန်အောင်ဆောင်ရွက်သွားမည်။ |

## ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ပညာရေး**

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်း | လုပ်ငန်းစီမံချက် |
|---|---|---|---|---|---|
| ကျောင်းခြံစည်းရိုးမကောင်းခြင်း၊ ကျောင်းအိမ်သာ မကောင်းခြင်း | ကျေးရွာသည်ဆင်းရဲသောကြောင့် ကျောင်းခြံစည်းရိုး ကျောက်တိုင်များ ပြန်လည်မစိုက်ထူနိုင်ခြင်း၊ ကျောင်းအိမ်သာမှာ ဟောင်းနွမ်းပျက်စီးနေခြင်း | ကျောင်းခြံဝန်းကျယ်ခြင်း၊ စာသင်ကျောင်းဆောင်ကောင်းမွန်ခြင်း၊ ကျောင်းသားမိဘ/ဆရာအသင်းဖွဲ့စည်းခြင်း | တိရစ္ဆာန်များ အလွယ်တကူဝင်ရောက်နိုင်ခြင်း၊ ဆရာ/မများကျောင်းသူ/သားများ ကျောင်းအိမ်သာမသန့်ရှင်း၊ မကောင်းခြင်း | မြို့နယ်ပညာရေးဌာနသို့ ကျောင်းခြံစည်းရိုးနှင့် ကျောင်းအိမ်သာရရှိရန် တင်ပြဆောင်ရွက်သွားမည်။ | ကျေးရွာတွင် ဘက်စုံကောင်းမွန်သောစာသင်ကျောင်းဖြစ်အောင်ဆောင်ရွက်သွားမည် |

## ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေး အမှတ်ပေးဇယား

| စဉ် | စီမံချက် | အကဲဖြတ် အမှတ် ပေးသူ (၁) | အကဲဖြတ် အမှတ် ပေးသူ (၂) | အကဲဖြတ် အမှတ် ပေးသူ (၃) | အကဲဖြတ် အမှတ် ပေးသူ (၄) | အကဲဖြတ် အမှတ် ပေးသူ (၅) | အကဲဖြတ် အမှတ် ပေးသူ (၆) | အကဲဖြတ် အမှတ် ပေးသူ (၇) | အကဲဖြတ် အမှတ် ပေးသူ (၈) | အကဲဖြတ် အမှတ် ပေးသူ (၉) | အကဲဖြတ် အမှတ် ပေးသူ(၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | အခြေခံအဆောက်အဦ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂။ | လျှပ်စစ်မီးလင်းရေး | ၁၀ | ၉ | ၁၀ | ၁၀ | ၉ | ၁၀ | ၁၀ | ၈ | ၁၀ | ၇ | ၉၃ | ၂ |
| ၃။ | စိုက်ပျိုးရေး | ၉ | ၈ | ၁၀ | ၈ | ၇ | ၁၀ | ၉ | ၆ | ၁၀ | ၁၀ | ၈၇ | ၃ |
| ၄။ | မွေးမြူရေး | ၆ | ၉ | ၈ | ၁၀ | ၇ | ၁၀ | ၁၀ | ၈ | ၇ | ၈ | ၈၃ | ၄ |
| ၅။ | ကျန်းမာရေး | ၅ | ၁၀ | ၁၀ | ၁၀ | ၅ | ၇ | ၉ | ၆ | ၉ | ၇ | ၇၈ | ၅ |
| ၆။ | ပညာရေး | ၈ | ၆ | ၃ | ၇ | ၈ | ၅ | ၇ | ၄ | ၅ | ၂ | ၅၅ | ၆ |

## ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| ကဏ္ဍ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် |
|---|---|---|---|---|
| အခြေခံအဆောက်အဦ | ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်း ရရှိအောင် ဆောင်ရွက်ရေး | ၁၀၀ | ၁ | ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍ ကွန်ကရစ်လမ်းရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| လျှပ်စစ်မီးလင်းရေး | ကျေးရွာလုံးကျွတ် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ရေး | ၉၃ | ၂ | မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာလုံးကျွတ် လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| စိုက်ပျိုးရေး | သီးနှံထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ ဝန်ဆောင်မှုများအား လက်လှမ်းမီဆောင်ရွက်ခြင်း | ၈၇ | ၃ | စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် နည်းပညာ၊ ဝန်ဆောင်မှုများ ချေးငွေများရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| မွေးမြူရေး | ချေးငွေများအချိန်မီ ရရှိအောင် ဆောင်ရွက်ရေး၊ တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ် တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းများ တိုးတက်အောင် ဆောင်ရက်ရေး | ၈၃ | ၄ | စီပီဝက်နှင့် ကြက်၊ နွား၊ မျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရန်အတွက် နည်းပညာနှင့် ချေးငွေများရရှိအောင် ဆောင်ရွက်သွားမည်။ |
| ကျန်းမာရေး | ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း | ၇၈ | ၅ | ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက် လုပ်နိုင်ရေး ရန်ပုံငွေနှင့် နည်းပညာ အထောက်အပံ့ရရှိရန် ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြဆောင်ရွက်မည်။ ကျန်းမာရေးဆေးပေးခန်း ဆောင် ရွက်ခြင်း။ |
| ပညာရေး | ကျောင်းခြံစည်းရိုးနှင့် ကျောင်းအိမ်သာ ဆောက်လုပ် မှုရရှိရန် ဆောင်ရွက်ရေး | ၅၅ | ၆ | မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်ပြီး ကျောင်းခြံစည်းရိုးနှင့် ကျောင်းအိမ်သာရရှိရန် ဆောင်ရွက်သွားမည်။ |

## ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ဒိုက်ကံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းတင် | ဦးအောင်ရှင် | ၁၂/တကန(နိုင်) ၁၄၆၇၄၀ | ၆၂ | နာယက | 09776180397 |
| ၂ | ဦးမြင့်ခိုင် | ဦးတာတေ | ၁၂/တကန(နိုင်) ၁၁၀၈၃၈ | ၃၇ | ဥက္ကဌ | 09965606814 |
| ၃ | ဦးနိုင်ဦး | ဦးကြာစီ | ၁၂/တကန(နိုင်) ၁၁၀၈၅၈ | ၃၈ | အတွင်းရေးမှူး | 09779668536 |
| ၄ | ဦးစိုးမောင် | ဦးတာတေ | ၁၂/တကန(နိုင်) ၀၉၂၀၅၁ | ၅၆ | စာရင်းစစ် | 09799319268 |
| ၅ | ဦးဇော်ဦး | ဦးအုန်းကျော် | ၁၂/တကန(နိုင်) ၁၁၀၈၅၀ | ၃၉ | သော့ကိုင် | 0931635097 |
| ၆ | ဦးအောင်ကျော်ထူး | ဦးလှစံ | ၁၂/တကန(နိုင်) ၁၆၄၂၄၅ | ၃၅ | ဘဏ္ဍာရေးမှူး(၁) | 09786746105 |
| ၇ | ဦးကြည်အေး | ဦးကြည်အေး | TKI - ၀၂၂၄၈၅ | ၅၈ | ဘဏ္ဍာရေးမှူး(၂) | 09971936832 |